# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# (၁၂)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်၉ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၉၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၆.၃၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ အစည်းအဝေး ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးတင်မြ၊ စစ်ကိုင်း(၇)၊ မိသားစုကထိန်။ ဦးထွန်းလွင်၊ကချင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းတင်အောင်၊ ကချင် (၅) ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးရယ်၊ ကယား (၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစောငြိမ်းသင်၊ ကရင် (၃)၊ ဇနီးကျန်းမာရေး။ ဒေါက်တာခင်ရွှေ၊ ရန်ကုန် (၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင် (၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညိုထွန်း၊ ရခိုင် (၁၁)၊ နာရေးကိစ္စ။ ဦးရဲမြင့်၊ ပဲခူး (၄)၊ ကျန်းမာရေး။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ဆေးကုသမှု။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ (၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ထူး၊ (တပ်မတော်) တာဝန်။ ဦးအောင်ငြိမ်း၊ မကွေး (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ နေမကောင်း။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ နေမကောင်း။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန့်ဇင်၊ ရှမ်း (၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ပြည်ပခရီး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခက်ထိန်နန်ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]။

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး၏ (၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦး၊ ယနေ့ ခွင့်ပြုထားသူ(၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၀)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်]။

**ဥက္ကဋ္ဌ၊** ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် မှ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီဥက္ကဋ္ဌ၏ နိုင်ငံ့ဂုဏ်ရည် ပထမအဆင့်နှင့် ဒုတိယအဆင့် ချီးမြှင့်ခံရသူများ၏ လစဉ်ချီးမြှင့်ငွေအား တိုးမြှင့်ခံစားခွင့်ပြုပါရန် ကြယ်ပွင့်ပြမေးခွန်း ပြန်လည်ဖြေကြားချက်ကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးအောင်ငြိမ်း၏ နိုင်ငံ့ဂုဏ်ရည် ပထမအဆင့်နှင့် ဒုတိယအဆင့် ချီးမြှင့်ခံရသူများ၏ လစဉ်ချီးမြှင့်ငွေအား တိုးမြှင့်ခံစား ခွင့်ပြုပါရန်ကြယ်ပွင့်ပြမေးခွန်းကို သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် က လောလောဆယ် အခြေအနေတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားခဲ့ခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ တင်ပြရန် လမ်းညွှန်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်အရ သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စု ဝန်ကြီး ဦးစိုးမောင်က ယခု ပြန်လည်ဖြေကြားချက် ပေးပို့လာပါတယ်။

ဖြေကြားချက်အပြည့်အစုံမှာ-

သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်မှ
အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၏
ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားချက်

အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီဥက္ကဋ္ဌ၏ နိုင်ငံ့ဂုဏ်ရည် ပထမအဆင့်နှင့် ဒုတိယအဆင့် ချီးမြှင့်ခံရသူများ၏ လစဉ်ချီးမြှင့်ငွေအား တိုးမြှင့်ခံစားခွင့်ပြုပေးပါရန် ကိစ္စနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပဏာမပြောကြားလိုပါတယ်။

နိုင်ငံ့ဂုဏ်ရည်ဘွဲ့နှင့် ပတ်သက်၍ နိုင်ငံတော်ကောင်စီက ၁၉၈၀ ခုနှစ်တွင် အမိန့်ထုတ်ပြန်ခဲ့ပြီး နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ရရှိသူများကို နိုင်ငံတော်မှ တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေအဖြစ် ပထမအဆင့်အား ၃၀၀၀ိ/- နှင့် ဒုတိယအဆင့်အား ၁၅၀၀ိ/- ချီးမြှင့်ခဲ့ပါသည်။ လစဉ်ချီးမြှင့်ငွေကိုလည်း ပထမအဆင့်ကို ၆၀ိ/- နှင့် ဒုတိယအဆင့်ကို ၃၀ိ/- ပေးအပ်ခဲ့ပါသည်။ တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေမှာ ၄င်းအချိန်က ခံစားခဲ့ပြီး ဖြစ်ပါသည်။ ၁၉၈၀ ခုနှစ်တွင် ရွှေတစ်ကျပ်သား၏ ဈေးနှုန်းမှာ ၆၀၀ိ /- မှ ၇၀၀ိ/- သာ ရှိပါသည်။ ၁ -၄-၁၉၉၃ ရက်မှစ၍ နိုင်ငံ့ဂုဏ်ရည် ဘွဲ့တံဆိပ် ရသူများအား လစဉ်ချီးမြှင့်ငွေ (၂၅)ရာခိုင်နှုန်း တိုးပေးခဲ့သဖြင့် ပထမအဆင့်ကို လစဉ် ၇၅ိ /-၊ ဒုတိယအဆင့်ကို လစဉ် ၃၇၅/- တိုးမြှင့်ပေးခဲ့ပါသည်။ ယခုအခါ လစဉ်ချီးမြှင့်ငွေနှုန်းထားကို တိုးမြှင့်ပေးရန်မှာ ပြည်ထောင်စုအစိုးရအဖွဲ့မှ သုံးသပ်ခွင့်ပြုပေးမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသဖြင့် လောလောဆယ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါ။ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် မှ ၁၄ -၁၀-၂၀၁၃ ရက်တွင် ထပ်မံတင်ပြချက်အပေါ် နိုင်ငံတော်သမ္မတမှ နိုင်ငံတော်၏စီးပွားရေးတိုးတက်လာချိန်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လမ်းညွှန်ခဲ့ပါကြောင်း သိရှိနိုင်ပါရန် ထပ်မံဖြေကြားအပ်ပါသည်။

ယခုဖြေကြားချက်အား အမျိုးသားလွှတ်တော်တွင် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ဆုံးဖြတ်ပါတယ်။

## ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ (က)အရ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ) က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များအားလုံး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများအားလုံးနှင့် ကြွရောက်လာတဲ့ ဒုတိယဝန်ကြီးတို့ကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေများကို ၂၀၁၂ ခုနှစ်မှာ အသစ်ရေးဆွဲ ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းဖို့အတွက် ကျန်ရှိနေခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဒီဥပဒေကို ပြဋ္ဌာန်းရတာကတော့ လွှတ်တော်ရုံးကိစ္စတွေ၊ အုပ်ချုပ်မှုလုပ်ငန်း အဝဝကို ပြောင်းလဲဖွဲ့စည်းထားတဲ့ ဖွဲ့စည်းပုံနဲ့အညီ ဆောင်ရွက်နိုင်ဖို့ရယ်၊ လွှတ်တော်ကိုယ်စားလှယ် တွေရဲ့ လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေကို ပြည့်စုံစွာ ဆောင်ရွက်နိုင်ဖို့ရယ်၊ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေမှာ လွှတ်တော်ကိုယ်စားလှယ်တွေကနေပြီးတော့ တစ်စိတ်တစ်ပိုင်း တာဝန်ယူဆောင်ရွက် နိုင်ဖို့ရယ်၊ ပြန်ပြီးတော့ ပြည့်ပြည့်စုံစုံ ပြင်ဆင်ရေးဆွဲထားခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဟာ နိုင်ငံရေး၊ စီးပွားရေးနဲ့ ဥပဒေရေးရာကော်မရှင် အဖွဲ့နှင့်သာမက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနဲ့ပါ ညှိနှိုင်းပြီးတော့ ရေးဆွဲထားတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေ ခွဲ (က)အရ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ) မှ လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာ မြတ်ဉာဏစိုး တင်သွင်းတဲ့ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ပါရန် အဆိုတင်သွင်းခြင်းကို ကျွန်တော် ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း က ထောက်ခံ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့သဘောထား ရယူပါမယ်။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးမြင့်ထွန်း (ဥပဒေကြမ်းကော်မတီဝင်)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာတဲ့ ဒုတိယဝန်ကြီးနဲ့ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ဥပဒေကြမ်းကော်မတီဝင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမြင့်ထွန်း အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြ

အစီရင်ခံသွားမှာ ဖြစ်ပါတယ်။ ဤဥပဒေကြမ်းဟာပြည်ထောင်စုလွှတ်တော်က အောက်တိုဘာလ ၁၇ ရက်နေ့မှာ ကျွန်တော်တို့ လွှတ်တော်ကို ဆွေးနွေးဖို့ ပို့လိုက်တာပါ။ ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီက အောက်တိုဘာလ ၂၁ ရက်မှာ ဆွေးနွေးကြပါတယ်။

လေ့လာတွေ့ရှိချက်တွေ တင်ပြရမယ်ဆိုရင်တော့ ကျွန်တော် အချက် (၉)ချက်လောက် တွေ့ပါတယ်။ ပထမအချက် (က)အနေနဲ့ ဥပဒေ (၃)ခုဖြစ်တဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ တွေကို လွှတ်တော်ရုံးတွေရဲ့ ရုံးလုပ်ငန်းတွေ၊ အုပ်ချုပ်မှုကိစ္စတွေ၊ ဝန်ထမ်းဖွဲ့စည်းပုံပြင်ဖို့၊ ပြောင်းဖို့တွေ၊ အမည်နဲ့ စကားရပ်တွေအစားထိုးဖို့တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေကိုပြည့်ပြည့်စုံစုံ လုပ်နိုင်ကြဖို့၊ နောက်ပြီး ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းတွေမှာလည်းပဲ လွှတ်တော်ကိုယ်စားလှယ်တွေက တစ်စိတ်တစ်ပိုင်းတာဝန်ယူလုပ်နိုင်ကြဖို့၊ လွှတ်တော်လုပ်ငန်းရပ် တွေမှာ တွေ့ကြုံရမယ့် အခက်အခဲနဲ့ လိုအပ်တာတွေကို ပြည့်ပြည့်စုံစုံလုပ်နိုင်ဖို့၊ အသစ်ပြင်ရေးဖို့၊ ဒါ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပြီး ဖြစ်ပါ တယ်။ ဒါပေမယ့်လည်းပဲ ကိုယ်စားလှယ်ကြီးတွေ ပိုပြီးတော့ ပြည့်ပြည့်စုံစုံ လုပ်နိုင်ကိုင်နိုင်အောင် ဒီ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်တဲ့ ဥပဒေကြမ်းကို ရေးဆွဲတာဖြစ်တယ်လို့ ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။

ဒုတိယအချက်ဖြစ်တဲ့(ခ) တင်ပြပါမယ်။ ဥပဒေကြမ်းရဲ့ အပိုဒ် ၅ ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၂ နဲ့ ညီညွတ်သွားအောင်လို့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၇ ရဲ့ နောက်မှာ ပုဒ်မခွဲတွေ အနေနဲ့ ပုဒ်မခွဲ (က)၊(ခ)၊(ဂ)၊(ဃ)နဲ့(င) ဆိုပြီးတော့ ဖြည့်ရမယ်လို့ ဒါ ကျွန်တော်တို့ တွေ့ရှိပါတယ်။ (ဂ)၊ (ဃ)၊ (င) ကိုတော့ မူလအတိုင်းပဲ ထားမှာဖြစ်ပါတယ်။ (က)နဲ့(ခ)ကိုတော့ ဘယ်လိုဖြည့်မှာလဲဆိုရင် လွှတ်တော်အဖွဲ့အစည်းများ အပိုဒ်ကိုကြည့်ရင် ပုဒ်မ ၇(က)မှာ နာယကဟာ လွှတ်တော်ရဲ့ သဘောတူညီချက်နဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ရဲ့ ဥပဒေကြမ်းကော်မတီနဲ့ ပြည်သူ့ငွေစာရင်းကော်မတီတွေကို ပေါင်းပြီးတော့ ပူးပေါင်းကော်မတီ(၂)ခု အဖြစ်နဲ့ ဥပဒေကြမ်းပူးပေါင်းကော်မတီနဲ့ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့ ဖွဲ့စည်းရမယ် ဆိုပြီးတော့ ပြင်သင့်တာတွေ့ရပါတယ်။

ဒီလိုပဲ ဥပဒေ ပုဒ်မ ၇(ခ) အနေနဲ့ နာယကဟာ လွှတ်တော်ရဲ့ သဘောတူညီချက်နဲ့ ပြည်သူ့ လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့က အရေအတွက်တူတဲ့ ကိုယ်စားလှယ်တွေကို ပါဝင်စေပြီး တော့မှ တခြား လိုအပ်တဲ့ ကော်မတီ၊ ကော်မရှင်တွေ၊ အဖွဲ့တွေကို ဖွဲ့မယ်ဆိုရင်လည်းပဲ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းတို့ကို သတ်မှတ်ပေးရမယ်ဆိုပြီးတော့ ဖြည့်စွက်ပြင်ဆင် သင့်တယ်လို့ လေ့လာတွေ့ရှိရပါတယ်။

တတိယအချက်အနေနဲ့ (ဂ) တင်ပြရမယ်ဆိုရင် ပုဒ်မ ၂ (ခ)မှာ လွှတ်တော်ဆိုသည်မှာ ဤဥပဒေကိစ္စအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုလွှတ်တော် ကိုဆိုသည် ဆိုပြီးတော့ အဓိပ္ပာယ်ဖွင့်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၁၀၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ နဲ့အပိုဒ် ၁၇ တို့မှာ လွှတ်တော်၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ဆိုတဲ့ စကားရပ်တွေကို ဆီလျော်သလိုပဲ ထည့်သွင်းပြင်သင့်တယ်လို့ လေ့လာတွေ့ရှိရပါတယ်။

စတုတ္ထအချက် (ဃ) အနေနဲ့ နိုင်ငံတော်သမ္မတ က ပို့တဲ့ သဝဏ်လွှာတွေနဲ့ ပတ်သက်လို့ ပြည့်ပြည့်စုံစုံ ဆောင်ရွက်နိုင်ဖို့ အပိုဒ် ၁၄ အနေနဲ့ ပုဒ်မ ၂၁ ရဲ့ နောက်မှာ ပုဒ်မခွဲ (ခ) အဖြစ်နဲ့ ဖြည့်စွက်ရမှာဖြစ်ပါတယ်။ ၂၁(ခ) က ဘာလဲဆိုတော့ နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် နာယက က ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အတည်ပြုခြင်း ဆိုပြီးတော့ ဒါ အသစ်ဖြည့်စွက်သင့်တယ်လို့ လေ့လာတွေ့ရှိရပါတယ်။ အချက် (ၐ) အနေနဲ့တော့ အပိုဒ် (င)ပါခင်ဗျား။ အရေးအသား ကျစ်ကျစ်လျစ်လျစ် ဖြစ်သွားအောင်ရယ်၊ နောက် အပိုဒ်(၁၅)မှာ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈ နဲ့ ၂၉ မှာ ဒီ (၅)ခုထဲမှ ပုဒ်မ ၂၆ ကို ပုဒ်မခွဲ (၂)ခု အစားထိုးသင့်တယ်လို့ ကျွန်တော်တို့ တွေ့ပါတယ်။ ဒါက ပြည်ထောင်စု အဆင့် အဖွဲ့အစည်းများရဲ့ တင်ပြခွင့်ဆိုတဲ့ အပိုဒ်မှာ ပုဒ်မ ၂၆ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဖွဲ့စည်းတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်တွေဟာ ပုဒ်(မခွဲ) အနေနဲ့ နာယကရဲ့ ခွင့်ပြုချက်နဲ့ လွှတ်တော်အစည်းအဝေးကို တက်ရောက်တဲ့အခါ မိမိအဖွဲ့အစည်းနဲ့ သက်ဆိုင်တဲ့ ဥပဒေကြမ်းတွေ၊ အဆိုတွေ၊ မေးခွန်းတွေ၊ အခြားကိစ္စရပ်တွေ ရှင်းလင်းပြောဆို ဆွေးနွေးခွင့် ရှိတယ်လို့ ပြင်သင့်တာတွေ့ပါတယ်။ ပုဒ်မ (ခ) အနေနဲ့လည်း လွှတ်တော်က ဖွဲ့စည်းတဲ့ ပူးပေါင်း ကော်မတီ၊ အခြားကော်မတီ၊ ကော်မရှင်နဲ့ အဖွဲ့တစ်ခုခုရဲ့ အစည်းအဝေးကို အဲဒီ ကော်မတီ အကြီးအမှူးရဲ့ ခွင့်ပြုချက်နဲ့ တက်တဲ့အခါမှာ မိမိအဖွဲ့အစည်းနဲ့ သက်ဆိုင်တဲ့ ဥပဒေကြမ်းတွေ ဒါမှ မဟုတ် အခြားကိစ္စရပ်တွေနဲ့ ဆိုင်တဲ့ကိစ္စတွေ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိတယ် ဆိုပြီးတော့ **ဖြည့်စွက်ပြင်ဆင်သင့်တဲ့အကြောင်း လေ့လာတွေ့ရှိရပါတယ်။**

**ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်တွေဟာ ပြည်ထောင်စု လွှတ်တော် အပါအဝင်၊ ကော်မတီ၊ ကော်မရှင် အစည်းအဝေးတွေမှာ တက်ဖို့ ရှင်းလင်းခွင့်ရှိတယ် ဆိုတဲ့သဘော ကျွန်တော်တို့ ပိုပြီးတော့ ပြည့်စုံအောင် ထည့်သွင်းလိုက်တာ ဖြစ်ပါတယ်။**

ပုဒ်မ(ခ)အနေနဲ့လည်း လွှတ်တော်က ဖွဲ့စည်းတဲ့ ပူးပေါင်းကော်မတီ၊ အခြားကော်မတီ၊ ကော်မရှင်နဲ့ အဖွဲ့တစ်ခုခုရဲ့ အစည်းအဝေးကို အဲဒီကော်မတီ အကြီးအမှူးရဲ့ ခွင့်ပြုချက်နဲ့ တက်တဲ့ အခါမှာ မိမိအဖွဲ့အစည်းနဲ့ သက်ဆိုင်တဲ့ ဥပဒေကြမ်းတွေ ဒါမှမဟုတ် တခြားကိစ္စရပ်တွေနဲ့ဆိုင်တဲ့ ကိစ္စရပ်တွေ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိတယ် ဆိုပြီးတော့ ဖြည့်စွက် **ပြင်ဆင်သင့်တဲ့အကြောင်း လေ့လာတွေ့ရှိရပါတယ်။**

**ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်တွေဟာ ပြည်ထောင်စုလွှတ်တော် အပါအဝင်** ကော်မတီ၊ ကော်မရှင်ဝင်တွေ ဒီအစည်းအဝေးတွေမှာ တက်ဖို့ ရှင်းလင်းခွင့်ရှိတယ်ဆိုတဲ့ သဘောကျွန်တော်တို့ ပိုပြီးတော့ ပြည့်စုံအောင် ထည့်သွင်းလိုက်တာဖြစ်ပါတယ်။

(စ)အချက် ကျွန်တော်တို့ အချက်(၆)ချက်မြောက်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၂၊ ၂၃၂၊ ၂၇၇၊ ၂၄၂၊ ၂၉၉၊ ၃၂၁၊ ၃၉၈ တို့နဲ့ ညီညွတ်သွားအောင်လို့ အပိုဒ် ၁၆ အနေနဲ့ အသစ်ဖြည့်စွက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၁၊ ၃၂၊ ၃၄၊ ၃၅ နဲ့ ၃၆ တို့မှာ ဖော်ပြထားတဲ့ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူဆိုတဲ့ ဒီစကားရပ် ဟာလည်း စာသားနည်းနည်းရှုပ်ပြီးတော့မှ ဒါ မလိုတာကို သွားတွေ့ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်သမ္မတ လို့ပဲ ရှင်းရှင်းလင်းလင်း ပြင်သင့်တယ်လို့ ဒါလေ့လာတွေ့ရှိပါတယ်။ ဒါ့အပြင် ပုဒ်မ ၃၉ အနေနဲ့

လွှတ်တော်သည် နိုင်ငံတော်သမ္မတက ယင်း၏ သက်တမ်းအတွင်း ပုဒ်မ ၃၁ နှင့် ၃၂ တို့ပါကိစ္စရပ်နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရန် တင်ပြလာလျှင် အဆုံးအဖြတ်ပေးရမည်လို့ ပြင်သင့်တာတွေပါတယ်။ ဒီလိုပဲ ပုဒ်မ ၄၀ အနေနဲ့လည်း လွှတ်တော်သည် နိုင်ငံတော်သမ္မတက ယင်း၏ သက်တမ်းအတွင်း ပုဒ်မ ၃၄ ပါ ပြည်ထောင်စုအဆင့် အဖွဲ့ဝင်တစ်ဦးဦးအား ခန့်အပ်တာဝန် ပေးအပ်နိုင်ရေးကိစ္စအတွက် လွှတ်တော်၏ သဘောတူညီချက်ရယူရန် တင်ပြလာလျှင် အဆုံးအဖြတ်ပေးရမည်လို့ ပြင်သင့်တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချက် (၇)အနေနဲ့ (ဆ) တင်ပြပါမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀၊ ပုဒ်မခွဲ (ခ)နဲ့ ညီညွတ်ရအောင်လို့ အပိုဒ် ၁၈ အဖြစ်နဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၃ ရဲ့နောက်မှာ ပုဒ်မ ၄၃ (က) ဆိုပြီးတော့ ပုဒ်မခွဲတစ်ခုဖြည့်သင့်တယ်လို့ ဒါကျွန်တော်တို့ တွေ့ပါတယ်။ ဖြည့်မယ့် ပုဒ်မခွဲ ၄၃ (က)မှာ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာ စိစစ်ရန် လိုအပ်ပါက ဥပဒေကြမ်းပူးပေါင်းကော်မတီအား လေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနဲ့အတူ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်ခြင်းတို့ကို ပြုနိုင်သည်ဆိုပြီးတော့ ဒါကျွန်တော်တို့ အသစ်ဖြည့်စွက်သင့်ပါတယ်လို့ ဒါတွေ့ရှိပါတယ်။

အချက်(၈)ချက်မြောက်ဖြစ်တဲ့(ဇ)ပါခင်ဗျား။ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဆိုပြီးတော့ စနစ်တကျ ဖွဲ့နိုင်အောင်နဲ့ အရေးအသား ကျစ်ကျစ်လျစ်လျစ် ဖြစ်ရအောင်လို့ အပိုဒ် ၁၉ မှာလည်းပဲ ပြည်ထောင်စုလွှတ်တော် ဥပဒေ ပုဒ်မ ၈၄ ရဲ့နောက်မှာ ပုဒ်မခွဲ ၈၄ (ခ) အဖြစ်နဲ့ နာယကသည် လွှတ်တော်ရေးရာကိစ္စရပ်များကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ကို လွှတ်တော်၏သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်လို့ ဒါကျွန်တော်တို့ ပုဒ်မအသစ်တစ်ခုနဲ့ ဒါဖြည့်သင့်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့်မို့ မူလပြင်ဆင်တဲ့ ဥပဒေမှာပါတဲ့ ၈၄ (ခ) ကိုလည်းပဲ ၈၄ (ဂ) အနေနဲ့ တင်ပြရရင် လွှတ်တော်သည် လွှတ်တော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ လွှတ်တော်များ၊ ပြည်တွင်း/ပြည်ပဆိုင်ရာ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်နိုင်သည်လို့ ပြင်ဆင်သင့်တာတွေ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ ပြည်နယ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးတွေကလည်း လွှတ်တော်တွေ အဆက်အသွယ်ရအောင် ဒါတင်ပြတဲ့ကိစ္စလေးတွေ ပါသွားတာဖြစ်ပါတယ်။ နောက်ဆုံးအချက်က(ဈ)ပါခင်ဗျား။ အခုတင်ပြခဲ့တဲ့ ပြင်ဆင်တဲ့ ဥပဒေကြမ်းမှာ အပိုဒ် ၁၄ ရယ်၊ ၁၆ ရယ်၊ ၁၈ ရယ် ဒါတွေကို ကျွန်တော်တို့ အသစ်ဖြည့်လိုက်တဲ့အတွက် ကျန်တဲ့ အပိုဒ်တွေကိုလည်းပဲ ပြောင်းလဲ အမှတ်စဉ် ပြုသွားသင့်တဲ့အကြောင်း လေ့လာတွေ့ရှိရပါတယ်။

ကော်မတီရဲ့ သဘောထားမှတ်ချက် တင်ပြရရင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ကျွန်တော်တို့ ကော်မတီက အခုတင်ပြခဲ့တဲ့အတိုင်း လိုအပ်ချက်တွေ ပြင်ဆင်ဖြည့်စွက်ထားပြီး ဖြစ်ပါတယ်။ ဒီ ပြင်ဆင်ချက်တွေ၊ ဖြည့်စွက်ချက်တွေအပေါ်မှာ အမျိုးသား

လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးဖို့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အမျိုးသားလွှတ်တော်ကို လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၃၀-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ အလုပ်သမားအခွင့်အရေးများကို ပြန်လည်သုံးသပ်၍ အလုပ်သမားဥပဒေရေးဆွဲရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ပြည်ထောင်စုအဆင့် အဖွဲ့အစည်းက ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့်အမျိုးသားလွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၀)ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းထားတဲ့ အလုပ်သမားအခွင့်အရေးများကို ပြန်လည်သုံးသပ်၍ အလုပ်သမားဥပဒေရေးဆွဲရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်သုံးဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၉။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်များ၊ ဧည့်သည်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။**

**လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ဒေါက်တာမြင့်ကြည် ရဲ့ အလုပ်သမားအခွင့်အရေးများကို ပြန်လည်သုံးသပ်၍ အလုပ်သမား ဥပဒေရေးဆွဲရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အကျဉ်းချုပ်ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အထက်တင်ပြပါကိစ္စနဲ့ ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄ မှာလည်း နိုင်ငံတော်သည် အလုပ်သမား**

များ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများကို ပြဋ္ဌာန်းရမည်ဟု ဆိုသော ပုဒ်မနဲ့လည်း အကျုံးဝင်လျက်ရှိနေပါတယ်။ အလုပ်သမားဆိုတာဟာ မိမိတို့ရဲ့ အသက်မွေး ရပ်တည်ရေးအတွက် ကာယ၊ ဉာဏအားကို၊ အားကိုးအားထားပြု၍ လုပ်ကိုင် နေသူများဆိုပါတယ်။ ဒီ စကားရပ်မှာ နေ့စားအလုပ်သမားများ၊ ယာယီအလုပ်သမားများ၊ စိုက်ပျိုးရေးအလုပ်သမားများ၊ အိမ်အကူအလုပ်သမားများ၊ အခြားအလုပ်သမားများ၊ အစိုးရဝန်ထမ်းနှင့် အလုပ်သင်များ အပါအဝင် ဖြစ်ပါတယ်။ အလုပ်သင်ဆိုတဲ့စကားရပ်မှာ ဆေးကျောင်းသားများ၊ စက်မှုကျောင်းသားများ၊ စိုက်ပျိုးရေး ကျောင်းသားများနှင့် အသက်မွေးဝမ်းကျောင်းဘာသာရပ်ဖြင့် ဘွဲ့ရထားသူများလည်း အကျုံးဝင်နေ ပါတယ်။ လုပ်ငန်း  ဆိုတာကတော့ နိုင်ငံပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ ဝန်ဆောင်မှုလုပ်ငန်းများ အခြား အသက်မွေး ဝမ်းကျောင်းလုပ်ငန်း တစ်ခုခု အပါအဝင် အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းများလို့ ဆိုပါတယ်။

အချုပ်အားဖြင့် တင်ပြရလျှင် စက်မှုကုန်ထုတ်လုပ်ငန်းများ၊လယ်ယာကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှု လုပ်ငန်းများဖြစ်ကြပြီး အဲဒီလုပ်ငန်းများကို ဆောင်ရွက်နေသူများမှာကတော့ ကုန်ထုတ် စွမ်းအားစုများ ဖြစ်ကြပါတယ်။ ထို့ကြောင့် ကုန်ထုတ်စွမ်းအားစုများ ဖြစ်ကြတဲ့ အလုပ်သမားများ အလုပ် လုပ်ကိုင်ကြတဲ့ နေရာမှာ အလုပ်ဝင်ရောက်လုပ်ကိုင်နိုင်ရေးကိစ္စ၊ လုပ်အားခများ ခေတ်နဲ့ တစ်ပြေးညီ ဖြစ်စေရေးကိစ္စ၊ ခွင့်ရက် ခံစားရေးကိစ္စ၊ အလုပ်သမားများ အလုပ်မှ ထုတ်ပယ်သည့်ကိစ္စ၊ အလုပ်သမားများ အလုပ်ခွင်၊ လုပ်ငန်းခွင် သာယာရေးကိစ္စရပ်တို့ကို အမြဲလေ့လာဆန်းစစ်သုံးသပ်ပြီး ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရန် အထူးလိုအပ်လျက် ရှိပါတယ်။ အလုပ်သမားများ၏ အခွင့်အရေးကို ပြန်လည်သုံးသပ်ရာမှာလည်း ခေတ်ကာလအခြေအနေနှင့် အလုပ်သမားများ၏ ဘဝတစ်ထပ်တည်း ကျအောင် သုံးသပ်ပြုပြင်ပြီး အလုပ်သမားများနှင့် လျော်ညီသော ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရန် အထူးလိုအပ်လျက်ရှိပါတယ်။ တင်ပြပါကိစ္စများအနက် အစိုးရဌာနတွင် ဝင်ရောက်အလုပ်လုပ်ကိုင် နေသော ကာယ၊ ဉာဏအလုပ်သမားများ ဖြစ်သည့် အစိုးရဝန်ထမ်းများ၏ကဏ္ဍကို သာဓကအဖြစ် တင်ပြဆွေးနွေးရမည်ဆိုလျှင် နိုင်ငံတော် အစိုးရမှ ဌာနရှိဝန်ထမ်းများ၏ အခွင့်အရေးနှင့် ဝန်ထမ်းများ စနစ်တကျရှိစေရေးအတွက် အဓိကကဏ္ဍကြီး(၁၀)ခုဖြင့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း ဥပဒေ ချမှတ်ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။

ဖော်ပြပါ ကဏ္ဍရပ်မှာတော့ ဝန်ထမ်းခန့်ထားရေးကဏ္ဍ၊ လုပ်ခလစာပေးရေးကဏ္ဍ၊ နှစ်တိုး ပေးရေးကဏ္ဍ၊ ခွင့်ခံစားမှုကဏ္ဍ၊ ခရီးစရိတ်ခံစားရေးကဏ္ဍ၊ ပင်စင်ကဏ္ဍ၊ အရေးယူခြင်းကဏ္ဍ၊ ပင်စင်စားများအား ပြန်လည်ခန့်ထားရေးကဏ္ဍ၊ ငွေစာရင်းနှင့် အာဏာပိုင်အဖွဲ့အစည်းသို့ ကူးပြောင်းခြင်း ကဏ္ဍတို့ ပါဝင်ပါတယ်။ အဲဒါကတော့ ကဏ္ဍကြီး၁၀)ခုဖြင့် တင်ပြပါတယ်။ ကဏ္ဍများရဲ့ ခေါင်းစဥ် အသေးတွေကတော့(၄၂၀) ကျော်ခန့် ရှိတာကို တွေ့ရှိရပါတယ်။

ဖော်ပြပါကဲ့သို့ အစိုးရဌာနများမှာ အလုပ်သမားများ၏ အခွင့်အရေးနှင့် စနစ်တကျ ရှိစေရေးအတွက် ကဏ္ဍအလိုက် သတ်မှတ်ထားသလို ကုမ္ပဏီ၊ အသင်းအဖွဲ့နဲ့ ပုဂ္ဂလိကလုပ်ငန်းများ မှာလည်း အစိုးရဌာနနှင့် မတူစေကာမူ အလုပ်သမားများ၏ အခွင့်အရေးအတွက် သင့်လျော်သော သတ်မှတ်ချက်များကို ကဏ္ဍအလိုက် ဆောင်ရွက်ထားသင့်ပါတယ်။ သို့သော်လည်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဥပဒေ(၁၈)ခုကိုတောင် ဆောင်ရွက်ထားတာကို တွေ့ရ

ပါတယ်။ ဒါပေမယ့်လည်း အစိုးရဌာနများ၏ တင်ပြပါကဏ္ဍ(၁၀)ခုအနက် အချို့ကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် ဌာနများမှာ ဝန်ထမ်းအသစ် ခန့်ထားရေးအတွက် အများအားဖြင့် အသက်(၁၈)နှစ်နဲ့ (၂၅)နှစ်အထိ ကန့်သတ်ထားတာကို တွေ့ရှိရပါတယ်။ အဲဒီ အသက် (၂၅)နှစ်အထိ ကန့်သတ်ထားတဲ့ အတွက် အလုပ်လုပ်ရန် အရည်အချင်းရှိသော်လည်း လုပ်ငန်းခွင်သို့ မဝင်ရောက်နိုင်ဘဲ ရှိနေတာကို တွေ့ရှိရပါတယ်။

ဥပမာအားဖြင့် တင်ပြရမည်ဆိုလျှင် ဆရာဝန်များ ခန့်ထားရေးကိစ္စကို အသက် (၂၅)နှစ်အထိသာ ကန့်သတ်ထားပါက ဆရာဝန်များမှာ အသက်(၂၃)၊ (၂၄)နှစ်မှသာ ဆမ လက်မှတ် ရရှိ သဖြင့် ကျန်ရှိနေတဲ့ (၁)နှစ်၊ (၂)နှစ်ကာလအတွင်းမှာ နိုင်ငံတော်မှ အလုပ်ခေါ်ယူမှုနှင့် မကြုံတွေ့ပါက လုပ်ငန်းခွင်သို့ မဝင်နိုင်ဘဲ ရည်မှန်းချက်များ ပြောင်းလဲရတဲ့ အခက်အခဲများ ကြုံတတ်ပါတယ်။

အထက်ပါကိစ္စနှင့် အလားတူကိစ္စများလည်း ပြန်လည်သုံးသပ်ရန် ဒီသာဓကအဖြစ်တင်ပြလိုပါတယ်။ နောက်တစ်ဖန် အလုပ်သမားအချို့မှာ လုပ်ငန်းခွင်ကြောင့် ရရှိတဲ့ရောဂါကို ရှောင်တခင်ခွင့်၊ လုပ်သက်ခွင့် တောင်းခံပြီး ဆေးကုသ ခံယူသော်လည်း ရောဂါမသက်သာသဖြင့် ဆေးခွင့် တင်ရပါတယ်။ ဆေးခွင့်တင်ရင် အဆိုပါ အလုပ်သမားများ၏ လစာဟာ (၂၅)ရာခိုင်နှုန်း သာရတဲ့အတွက် အလုပ်သမားများမှာ ရောဂါကြောင့် စိတ်ညစ်ရတာတစ်ကြောင်း၊ ငွေကုန်၍ စိတ်ညစ်ရတဲ့အပြင် လစာလည်း အပြည့်အဝမရသဖြင့် နစ်နာမှုများရှိနေပြီး အလုပ်သမားများ၏ လူမှုအခွင့်အရေးများ ဆုံးရှုံးနေကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ တချို့အလုပ်သမားများမှာ မိမိမှ ဆေးကုသခံယူရန် မဟုတ်သော်လည်း မိသားစုတစ်ဦးဦးအတွက် လုပ်ငန်းခွင်သို့ မဆင်းနိုင်ဘဲ ရှိနေတတ်ကြပါတယ်။ ထိုအလုပ်သမားများမှာ ရှောင်တခင်ခွင့်နဲ့ လုပ်သက်ခွင့်များ ကုန်ဆုံးသွားပြီ ဖြစ်သဖြင့် လစာမဲ့ခွင့်တင်ရသောကြောင့် နစ်နာမှုများရှိတတ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ အဆိုပါကိစ္စမှာလည်း ပြန်လည်သုံးသပ်ရန်လိုအပ်သော သာဓကတစ်ခုလို့ ဆိုနိုင်ပါတယ်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ဆက်လက်တင်ပြရမည်ဆိုပါက အလုပ်သမားဝန်ထမ်းတချို့ဟာ မိမိအနေဖြင့် ဆေးကုသရန် မဟုတ်သော်လည်း မိမိ၏ဇနီး၊ သားသမီး မနာမကျန်းဖြစ်၍ မလွဲသာ မရှောင်သာဘဲ အလုပ်ခွင်မှ ခွင့်တိုင်ပြီးသွားရသော်လည်း ထိုအလုပ်သမားဝန်ထမ်းကို အလုပ်ရှင် သို့မဟုတ် ဌာနအရာရှိက ခွင့်များကုန်ဆုံးနေသဖြင့် လစာမဲ့ခွင့် သတ်မှတ်ပေးပြီး ထိုအလုပ်သမားကိုပင် လုပ်ငန်း၏ လိုအပ်ချက်အရ နံနက်(၈)နာရီမှစ၍ အလုပ်လုပ်ကိုင်စေပြီး(၉) နာရီ၊ (၁၀)နာရီမှသာ အလုပ်ဆင်းစေသည့် ကိစ္စကိုတော့ အချိန်ပိုလုပ်အားခ မသတ်မှတ်ဘဲ ထားရှိတာကို တွေ့ရတတ်ပါတယ်။ တစ်ခါတစ်ရံ အလုပ်သမားများအား ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု သေသေချာချာ မပြုလုပ်ဘဲ အလုပ်မှ ထုတ်ပယ်တာကိုလည်း တွေ့ရှိရပါတယ်။

ထို့ကြောင့် အထက်ဖော်ပြပါ ဖြစ်ရပ်များတွင် လုပ်ငန်းများ၊ အလုပ်သမားများ နစ်နာမှု မရှိစေရေးအတွက် စည်းမျဉ်းစည်းကမ်းများအရ ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် ဌာနလုပ်ငန်း များမှာ အဖွဲ့အစည်းများ ဖွဲ့စည်းထားရန် လိုအပ်ကြောင်း ကျွန်တော်အနေဖြင့် ထင်မြင်မိပါတယ်။

သို့ဖြစ်ပါ၍ တင်ပြပါအကြောင်းအရာနှင့် အခြားအားနည်းချက်များမှာ အစိုးရဌာန၊ ကုမ္ပဏီနှင့် ပုဂ္ဂလိကလုပ်ငန်းများမှာ ရှိနေတတ်ကြပါသဖြင့် အလုပ်သမားများ၏ အခွင့်အရေးကို ပြန်လည်သုံးသပ်၍ အလုပ်သမားဥပဒေ ရေးဆွဲဆောင်ရွက်ရန် လိုအပ်နေပါသဖြင့် အဆိုရှင်

**ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို အလေးအနက် ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာမြတ်ဉာဏစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၈။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများအားလုံးနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတို့ကို မင်္ဂလာပါလို့ ထပ်မံနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမားတွေရဲ့ အခွင့်အရေးနဲ့ပတ်သက်ပြီးတော့ လေ့လာသုံးသပ်ဖို့အတွက် အလုပ်ရှင်၊ အလုပ်သမားအခွင့်အရေး လေ့လာသုံးသပ်ရေးကော်မတီကို ပြည်ထောင်စုလွှတ်တော်အနေနဲ့ ပူးပေါင်းကော်မတီကြီးတစ်ရပ်အဖြစ် ဖွဲ့စည်းပြီးတော့ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ဆောင်ရွက်ဆဲလည်း ဖြစ်ပါတယ်။ ဒီ ပူးပေါင်းကော်မတီကြီးရဲ့ အစီရင်ခံစာကိုလည်း ပြည်ထောင်စုလွှတ်တော်ကြီးမှာ တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကြီးမှာ တင်သွင်းခဲ့တဲ့ အစီရင်ခံစာပါ အချက်(၁၁)ချက်ထဲမှာလည်း ကျွန်တော်တို့ ဒီ အလုပ်သမားဥပဒေတွေကို ပြန်လည်သုံးသပ်ဖို့ဆိုတဲ့အချက် တစ်ချက်က ပါဝင်ပါတယ်။ ဒီနေရာမှာ အလေးအနက်ထားပြီး တင်ပြလိုတာကတော့ လက်ရှိ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အလုပ်သမားဆိုင်ရာ ဥပဒေ (၁၈)ခုလောက် ကျင့်သုံးနေတာ ရှိပါတယ်။ ဒီအထဲမှာမှ အရေးကြီးတဲ့ ဥပဒေတွေဖြစ်တဲ့ အလုပ်သမား အဖွဲ့အစည်း ဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ၊ ၂၀၁၂ လူမှုဖူလုံရေး ဥပဒေ၊ ၂၀၁၃ အနည်းဆုံးအခကြေးငွေ ဥပဒေ၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတွေဟာ ပြည်ထောင်စုလွှတ်တော်ကြီးကနေပြီးတော့ မကြာခင်ကပဲ ပြဋ္ဌာန်းပေးလိုက်တဲ့ ဥပဒေတွေ ဖြစ်ပါတယ်။ ဒီဥပဒေတွေမှာ ဘာတွေတော့ လိုအပ်နေပါသေးလဲဆိုတော့ ဥပဒေတွေရဲ့ အသက်ဝင်မှု မရှိသေးတာကို တွေ့ရပါတယ်။ လူမှုဖူလုံရေးဥပဒေဟာဆိုရင် နိုင်ငံတော်သမ္မတက အမိန့်ထုတ်ပြန်တဲ့ နေ့ရက်မှ အာဏာတည်ရမယ်လို့ ပါ ပါတယ်။ ဒီလိုပါပဲ အနည်းဆုံးအခကြေးငွေ ဥပဒေဟာ ဆိုရင်လည်း နည်းဥပဒေများ ရေးဆွဲနေဆဲအချိန်ရှိတဲ့အတွက်ကြောင့်မို့လို့ ဒါတွေကို လက်ငင်းမှာ မဆောင်ရွက်နိုင်သေးတာ တွေ့ရပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ အလုပ်ရှင်၊ အလုပ်သမား အခွင့်အရေး လေ့လာရေး ပူးပေါင်းကော်မတီအနေနဲ့ ကွင်းဆင်းလေ့လာတဲ့အခါမှာ အင်မတန်မှ လိုအပ်တဲ့ ဥပဒေတွေဖြစ်ကြောင်း တွေ့ရှိခဲ့ရပါတယ်။

အထူးအားဖြင့် အလုပ်သမားတွေရဲ့ လုပ်ခ၊ လစာ၊ အနိမ့်ဆုံးလစာ သတ်မှတ်ချက်ရယ်လို့ မရှိဘဲနဲ့ ကျွန်တော်တို့ အချိန်ပိုကြေးတွေ၊ တစ်ခါ ထောက်ပံ့ကြေးတွေ၊ တစ်ခါ ကျွန်တော်တို့လုပ်ငန်းခွင် ကျွမ်းကျင်မှုကြေး စသည်ဖြင့် တိုင်ပေါင်းများစွာ ခွဲခြားပြီးတော့ ပေးချင်သလိုပေးနေတဲ့ အနေအထား ဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေက ဒါ တစ်ဦးနဲ့တစ်ဦး ညှိနှိုင်းပြီးတော့ ဒီ လုပ်ခလစာတွေကို ကျွန်တော်တို့ လျော့ပြီးတော့ ပေးနေတဲ့သဘောမျိုး ဖြစ်ပါတယ်။ ဒါတွေကို ကုစားနိုင်ဖို့ဆိုတာ

တိကျခိုင်မာတဲ့ ဥပဒေကသာ ကုစားနိုင်မှာပါ။ အခု အနိမ့်ဆုံးအခကြေးငွေ ဥပဒေကို ပြဋ္ဌာန်းပြီး ဖြစ်ပေမယ့် နည်းဥပဒေကိုလည်း ဒါ ရေးဆွဲနေပါတယ်။ ဒီနေရာမှာလည်း ပြည်ထောင်စုလွှတ်တော် မှာ ဆွေးနွေးတုန်းက တင်ပြခဲ့သလိုပါပဲ။ ကျွန်တော်တို့ ဘားအံဒေသမှာ တည်ထောင်ထားရှိတဲ့ စက်မှုဇုန်နဲ့ လှိုင်သာယာစက်မှုဇုန်မှာရှိတဲ့ လုပ်ခ အခကြေးငွေဟာ ကွဲပြားခြားနားမှု ရှိနိုင်ပါတယ်။ နေရာဒေသ မြို့ကြီးပြကြီးအနေအထား၊ လမ်းပန်းဆက်သွယ်ရေး ဒီဟာတွေအပေါ် မှာမူတည်ပြီးတော့ ကွဲပြားမှု ရှိနိုင်ပါတယ်။

ဒါကြောင့်မို့လို့ သက်ဆိုင်ရာဒေသအလိုက်၊ ဒေသအလိုက် အနိမ့်ဆုံးအခကြေးငွေ သတ်မှတ်နိုင်ဖို့ ညှိနှိုင်းနေတာတွေ တွေ့ရပါတယ်။ သို့သော်လည်း ဒါတွေကို အမျိုးသားရေး အမြင် နဲ့ တွန်းအားပေးပြီးတော့ ဆောင်ရွက်နိုင်မှသာလျှင် ဒီ အလုပ်ရှင်နဲ့ အလုပ်သမားတွေ ကြားထဲမှာ ဖြစ်ပွားနေတဲ့ ပြဿနာတွေဟာ ပြေလည်မှာ ဖြစ်ပါတယ်။ ဒီလိုပါပဲ လူမှုဖူလုံရေးဥပဒေ အသက်ဝင် ဖို့ကလည်း အင်မတန်မှ အရေးတကြီးလိုအပ်နေပါတယ်။ ကျွန်တော်တို့ ခုဒီ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေမှာဆိုရင် လုပ်သားတွေအတွက် တန်ဖိုးနည်းအိမ်ရာတွေကအစ ဒီလိုရေရှည်ရည်မှန်းချက်၊ မျှော်မှန်းချက်တွေ ပါ ပါတယ်။ အသက်မဝင်သေးတဲ့ အခါကျတော့ ဒါတွေဟာ ဆောင်ရွက်နိုင်ဖို့ အခက်အခဲ ရှိနေတယ်လို့ တင်ပြလိုပါတယ်။ အဲဒီတော့ ဒီ ဥပဒေတွေကို ပြင်ဆင်၊ လေ့လာ၊ သုံးသပ်ပြီးရင်လည်း နောက်တစ်ချက်၊ ဒုတိယအချက်အနေနဲ့ အရေးကြီးတာကတော့ ဒီဥပဒေတွေရဲ့ အာဏာသက်ဝင်မှုပါ။ Enforcement လည်း အင်မတန်မှ အရေးကြီးတယ်လို့ တင်ပြလိုပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။

ကျွန်တော်တို့ ၁၉၅၁ ခုနှစ်ကတည်းက ပြဋ္ဌာန်းပြီးဖြစ်တဲ့ ခွင့်ရက်နဲ့ အလုပ်ပိတ်ရက်ဥပဒေ ဟာ ယနေ့အထိ တည်ဆဲဥပဒေဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကွင်းဆင်းလေ့လာတဲ့အခါမှာ ဘာတွေကို တွေ့ရသလဲဆိုတော့ Gazetted Holidays တွေ တကယ့်သမိုင်းဝင် အာဇာနည်နေ့လို နေ့မျိုး၊ ကျွန်တော်တို့ ဘာသာရေးနဲ့ ဆိုင်တဲ့ ကျွန်တော်တို့ ဒီ လပြည့်နေ့လို နေ့မျိုး တွေမှာတောင် အလုပ်ပိတ်ရက် မရတာတွေကို ကျွန်တော်တို့တွေ့ခဲ့ရပါတယ်။ ဒါဟာ ထုတ်ကုန်တိုးတက်ဖို့ လိုအပ်တာ မှန်ပေမယ့် ဒီ ခွင့်ရက်နဲ့ အလုပ်ပိတ်ရက် ဥပဒေတွေအပေါ် မှာ တိတိကျကျ လိုက်နာဆောင်ရွက်ခြင်း မရှိဘူးဆိုတဲ့ အနေအထားကို ကျွန်တော်တို့ တိတိကျကျ တွေ့ခဲ့ရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

နောက်တစ်ခါ ၁၉၅၁ ခုနှစ်ကပဲ ပြဋ္ဌာန်းပြီးသားဖြစ်တဲ့ အလုပ်ရုံများအက်ဥပဒေဖြစ်ပါတယ်။ အလုပ်ရုံတစ်ခုဟာ ဘယ်လို စံကိုက်ဖွဲ့စည်းရမယ်။ အခုဟာက အလုပ်ရုံတွေထဲမှာ မြေနေရာ မတိုးချဲ့ နိုင်တာကို အကြောင်းပြပြီးတော့ ခိုအိမ်လေးတွေလိုပဲ ဖွဲ့စည်းထားတာကို တွေ့ရပါတယ်။ အလုပ်သမားတွေအတွက် နေရာထိုင်ခင်း အင်မတန်မှ ကြပ်တည်းတဲ့အနေအထားတွေပါ နောက် အင်မတန်မှ ကံကောင်းတာကတော့ မီးဘေးအန္တရာယ်ဆိုးနဲ့ မတွေ့ကြုံရသေးတာပါ။ မီးဘေး အန္တရာယ်ဆိုးနဲ့သာ တွေ့ကြုံခဲ့ရရင် ဒီအလုပ်ရုံတွေဟာ ဘယ်လိုမှ ထွက်ပေါက် ထွက်လမ်းကို မရှိတဲ့ အနေအထားမျိုးတွေ ဖြစ်ပါတယ်။ လေဝင်လေထွက် မရှိပါဘူး။ အလုပ်သမားတွေအတွက် အကာအကွယ်ပစ္စည်းတွေ လုံလောက်စွာ ပေးအပ်ထားခြင်း မရှိပါဘူး။ လက်ဗလာနဲ့ပဲ ဆောင်ရွက်နေ ရတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ နောက် ဓာတုဗေဒပစ္စည်းတွေ၊ ဓာတုဆေးဝါးတွေ အသုံးပြုရတဲ့ စက်ရုံတွေမှာ ဆိုရင်လည်း ကျွန်တော်တို့ လေ့လာရေးအဖွဲ့တွေတောင်မှ ဝင်သွားတာနဲ့ ရုတ်တရက်

အသက်ရှူကြပ်သွားရတဲ့အနေအထားမျိုးတွေ ဖြစ်ပါတယ်။ ဒါတွေဟာလည်း လိုက်နာဖို့ အားနည်းတယ်လို့ပဲ မြင်ပါတယ်။ ဥပဒေမရှိတာ မဟုတ်ပါဘူးခင်ဗျား။ ဥပဒေကို ဖော်ဆောင်ပေးနိုင်ခြင်း မရှိတာပါ။

နောက်တစ်ခါ ကျွန်တော်တို့ လုပ်သားဦးရေ (၅၀)ဆိုရင် ဆေးသေတ္တာတစ်လုံး ထားရမယ်ဆိုတာ ဒါ ဥပဒေထဲမှာ အတိအကျ ပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။ ဆေးသေတ္တာ မရှိပါဘူး။ နောက် အလုပ်သမားတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းထားရမယ်။ သူနာပြုထားရမယ်ဆိုတာ အက်ဥပဒေမှာ ပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။ တကယ်လက်တွေ့ဆောင်ရွက်နေတာဟာ သူနာပြု မဟုတ်တဲ့ သူနာပြုအကူ ဆေးဝါးကျွမ်းကျင် ဒါတွေကိုပဲ ခန့်ထားတာကိုလည်း တွေ့ရပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ အမျိုးသမီးအလုပ်သမားတွေရှိရင် အမျိုးသမီး အလုပ်သမားဦးရေ (၅၀)ဦးနဲ့ အထက်မှာဆိုရင် ဒီအလုပ်သမားတွေရဲ့ ရင်သွေးငယ်တွေအတွက် နေ့ကလေးထိန်းဌာနတွေ ထူထောင်ဖွင့်လှစ်ပေးရမယ်ဆိုတာလည်း ဥပဒေမှာ ပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။ လိုက်နာဆောင်ရွက်တဲ့ စက်ရုံ၊ အလုပ်ရုံ မရှိသလောက်ကို နည်းပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ဒီဥပဒေတွေရဲ့ အာဏာသက်ဝင်မှု Enforcement ကိုလည်း တင်းတင်းကြပ်ကြပ် ကိုင်တွယ်ဆောင်ရွက်သင့်ပါတယ်လို့ တင်ပြလိုပါတယ်။

နောက် တတိယအချက်အနေနဲ့ တင်ပြလိုတာကတော့ ဒီဥပဒေတွေကို ပညာပေးဖို့ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ဥပဒေဟာ တချို့တွေကကျတော့လည်း သုံးသပ်တာက အဆင့်တွေများတယ်။ တကယ် ညှိနှိုင်းဆွေးနွေးရတာ ခက်တယ်။ နိုင်ငံတကာမှာလည်း ဒီလိုပဲ ညှိနှိုင်းဆွေးနွေး ရပါတယ်။ ညှိနှိုင်းဆွေးနွေးပြီးတော့ပဲ အဖြေရှာရတာ ဖြစ်ပါတယ်။ တစ်ဖက်နဲ့တစ်ဖက် လိုလားချက်၊ လိုအပ်ချက်တွေကို အပေးအယူ အလျှော့အတင်းနဲ့ သွားရမှာ ဖြစ်ပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ရှိနေရတာပါ။ ရန်ဘက်သဖွယ် ရန်သူသဖွယ် ဆောင်ရွက်နေဖို့ မဟုတ်ပါဘူး။ ဒီလိုပါပဲ အလုပ်သမားတွေကို ကိုယ်စားပြုပြီးတော့ ဖွဲ့စည်းထားတဲ့ အလုပ်သမားအမှုဆောင်တွေဟာ မိမိတို့ရဲ့ အလုပ်သမားတွေဘက်ကနေ ရပ်တည်ပြီးတော့ အခွင့်အရေးတွေကို ဖော်ဆောင်ပေးတဲ့အခါမှာ ခေါင်းဆောင်ပီသတဲ့ စိတ်ဓာတ်မျိုးနဲ့ ဆောင်ရွက်ရပါမယ်။ မိမိကိုယ်တိုင်က ဥပဒေကို ကျေကျေနပ်နပ် နားလည်ပြီးတဲ့အခါကျတော့ မိမိတို့ ရသင့်ရထိုက်တဲ့ အခွင့်အရေးက ဘယ်လို မိမိဦးဆောင်ဦးရွက်ပြုနေတဲ့ အလုပ်သမားတွေကို မိမိကိုယ်၌ကိုက နားလည်ပြီးတော့ ထိန်းသိမ်းနိုင်စွမ်းရှိစွာနဲ့ ဆောင်ရွက်ဖို့ လိုပါတယ်။ ဒီလိုနေရာမှာလည်း အခက်အခဲလေးတွေ ရှိနေတာကို တောက်လျှောက် ကျွန်တော်တို့ မြင်တွေ့နေရပါတယ်။ ဒါဟာ ဘာဖြစ်လို့လဲဆိုတော့ ဥပဒေပြဋ္ဌာန်းချက်တွေကို အလုပ်ရှင်တွေကလည်း တိတိကျကျ မသိသလို အလုပ်သမားတွေကလည်း တိတိကျကျ မသိသေးလို့ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဲဒီအခါတုန်းက ပြည်ထောင်စုလွှတ်တော် နာယကကြီး ဖြစ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်ချက်နဲ့ ကျွန်တော်တို့ အလုပ်ရှင်အလုပ်သမား ပူးပေါင်းလေ့လာရေးကော်မတီ အနေနဲ့ လက်စွဲစာအုပ်ငယ်လေးတွေ ကျွန်တော်တို့ ထုတ်ဝေပြီးတော့ ဖြန့်ချိခဲ့ပါတယ်။ ဒီနေရာမှာ အလုပ်သမားဥပဒေတွေထဲက တကယ်လိုက်နာဖို့ လိုအပ်တဲ့ တကယ် အလုပ်ရှင်ရော၊ အလုပ်သမားရော တိတိကျကျ သိသင့်တဲ့အချက်တွေကို ကျွန်တော်တို့ ဖြန့်ဝေခဲ့တာ ဖြစ်ပါတယ်။

ဒါတွေကိုလည်း ဆက်ပြီးတော့ အင်နဲ့အားနဲ့ နိုင်ငံအနှံ့ ဆက်ပြီးတော့ ဒါကိုလည်း အမျိုးသားရေး အသွင်နဲ့ ဆက်ပြီးတော့ ဆောင်ရွက်သွားသင့်တယ်လို့ တင်ပြလိုပါတယ်။ နောက်ဆုံးတစ်ချက် တင်ပြလိုတာကတော့ ဒီ အလုပ်ရှင်နဲ့ အလုပ်သမားတွေရဲ့အရေးကို ရှေ့တန်းကနေပြီးတော့ ဆောင်ရွက်ပေးနေရတဲ့ ကြားခံဆောင်ရွက်ပေးနေရတဲ့ ကျွန်တော်တို့ အလုပ်ရှင် အလုပ်သမား အစိုးရအဖွဲ့ဆိုတဲ့ သုံးပွင့်ဆိုင် အင်အားစုမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေရတဲ့ အလုပ်သမားအလုပ်အကိုင်နဲ့ လူမှုဖူလုံရေး ဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံကို တကယ် ထိထိရောက်ရောက် လုပ်ကိုင်နိုင်တဲ့ ဖွဲ့စည်းပုံတစ်ခု ဖြစ်အောင်လို့ တိုးချဲ့ပေးဖို့ ကျွန်တော် အကြိမ်ကြိမ်အခါခါ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဘတ်ဂျက်ကိုလည်း လုံလုံလောက်လောက် ချထားပေးဖို့ လိုပါလိမ့်မယ်။

အခုဟာကတော့ ဝန်ထမ်းအင်အားက အင်မတန်မှ နည်းပါးပြီးတော့ အခုလို ခေတ်သစ် စနစ်သစ်ကို ထူထောင်ပြီးတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေနဲ့ ကျွန်တော်တို့ ဆောင်ရွက်နေရတဲ့ အချိန်မှာ ပြည်တွင်းမှာရှိတဲ့ အလုပ်ရုံတွေ စက်မှုဇုန်တွေမှာလည်း အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနဟာ ပွင့်ပွင့်လင်းလင်း တင်ပြရရင်တော့ မနိုင်မနင်းဆောင်ရွက်နေရတဲ့ အနေအထား ဖြစ်ပါတယ်။ ဘာ Facility မှလည်း မရှိပါဘူး။ ဒီလိုပါပဲ မြန်မာနိုင်ငံကနေ ပြည်ပကို တရားဝင်ဖြစ်စေ တရားမဝင်သော နည်းလမ်းတွေနဲ့ဖြစ်စေ သွားရောက်အလုပ် လုပ်ကိုင်နေတဲ့အခါ မှာလည်း ဖြေရှင်းဖို့ ခု ဒီဘက်ခေတ်ကျမှ အလုပ်သမားအရာရှိတွေ စေလွှတ်ပေးတာ ရှိပါတယ်။ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံ စသည်ဖြင့် သို့သော် အလုပ်သမားအရာရှိ တစ်ဦးတည်းနဲ့ ဘယ်လိုမှ မဆောင်ရွက်နိုင်ပါဘူး။ ဘဲအုပ်က တစ်ရာ နှစ်ရာ၊ မဗေဒါ က တစ်ပင်တည်း ဆိုတာမျိုး ဖြစ်နေပါတယ်။ သူ့အတွက် ဖြည့်ဆည်းပေးဖို့ ရုံးအဖွဲ့ တကယ် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မယ့် ပံ့ပိုးဖြည့်ဆည်းမှု ဒါတွေကိုလည်း ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ အလုပ်ရှင် အလုပ်သမား ပြဿနာဟာ ဒါဟာ အင်မတန် သတိထားရမယ့် ပြဿနာတစ်ရပ်လို့ တင်ပြလိုပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီမီးပွားလေးကနေပြီးတော့ ကျွန်တော်တို့ အခု ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက် နေတဲ့အချိန်မှာ အင်မတန် စိုးရိမ်ဖွယ်ကောင်းတဲ့ အနေအထားတစ်ရပ်ကို မဖြစ်ဖို့ လိုပါတယ်။

ဒါကြောင့်မို့လို့ အလေးအနက် တင်ပြလိုတာကတော့ အလုပ်သမားတွေရဲ့ အခွင့်အရေး တွေ ဆုံးရှုံးနစ်နာမှု ရှိနေတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ဒါတွေဟာ ဥပဒေ မရှိလို့ မဟုတ်ပါဘူး။ ဥပဒေရဲ့ အကာအကွယ်ကို မရသေးလို့ ဖြစ်နေတာပါ။ ဥပဒေရဲ့ အကာအကွယ်ကို တိတိကျကျ ရဖို့အတွက် ဆောင်ရွက်ပေးဖို့ လိုပါတယ်။ အလုပ်သမားဥပဒေတွေကိုလည်း ပြန်လည်သုံးသပ် ပြီးတော့ အသစ်အသစ်သော ဥပဒေများ ထပ်မံရေးဆွဲဖို့ထက် ရှိပြီးသားဥပဒေတွေမှာပဲ ပြင်ဆင်သင့်တဲ့ အချက်တွေကို ပြင်ဆင်ဖို့လိုပါလိမ့်မယ်။ ဥပမာအနေနဲ့ တင်ပြရရင် ကျွန်တော်တို့အခု အလုပ်အကိုင်နဲ့ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေမှာ လွှတ်တော် ကိုယ်စားလှယ်တွေ အကုန်လုံး ဆွေးနွေးပြီးတဲ့ အခါမှာ ထောင်ဒဏ်ကို ထည့်သွင်းခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတဲ့အခါကျတော့ ငွေဒဏ် ကျပ် တစ်သိန်းထက် မပိုသော ငွေဒဏ်ဆိုတာဟာ ပွင့်ပွင့်လင်းလင်း တင်ပြရရင် အလုပ်ရှင်တွေအတွက် ဘာမှ မထောင်းသာပါဘူး။

ဒီလိုဖြစ်ခဲ့တဲ့အတွက်ကြောင့်မို့လို့ အလုပ်သမားရေးရာ၊ ရှေ့က ပြဋ္ဌာန်းပြီးသားဖြစ်တဲ့ အလုပ်သမားရေးရာအငြင်းပွားမှု ဥပဒေမှာလည်း ဒီလိုပဲ ငွေဒဏ်ပဲ ပါတဲ့အခါကျတော့ အလုပ်ရှင်တွေ

ဘက်ကနေပြီးတော့ ဒီငွေဒဏ်ကိုဆောင်ပါတယ်။ ပြီးတဲ့အခါကျတော့ အလုပ်သမားတွေကို နစ်နာကြေး ပေးပါတယ်။ လုပ်ခ (၃)လစာ ပေးပြီးတော့ အလုပ်ကနေ ရပ်စဲပါတယ်။ ဒါဟာ တိုင်းပြည်အတွက် ကောင်းတဲ့ အလားအလာ မဟုတ်ပါဘူး။ ကျွန်တော်ခုနက တင်ပြခဲ့သလိုပါပဲ။ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အလုပ်ရှင်နဲ့ အလုပ်သမား ချစ်ကြည်ရင်းနှီးစွာနဲ့ သွားနိုင်တဲ့အခါကျမှ စက်မှုနိုင်ငံတော်ကို ထူထောင် နိုင်ပါ့မယ်။ ဒီလိုစက်မှုနိုင်ငံတော်ကို ထူထောင်နိုင်မှလည်း မြန်မာနိုင်ငံဟာ ကမ္ဘာ့အလယ်မှာ ခိုင်ခိုင် မာမာ ရပ်တည်နိုင်တဲ့ ကုန်ထုတ်စွမ်းအားမြင့်တဲ့ နိုင်ငံမျိုး ဖြစ်ပါလိမ့်မယ်။

အဲဒီအတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဒီအဆိုကို ပြန်ပြီးတော့ သုံးသပ်ရမယ်ဆိုရင် အလုပ်သမားဥပဒေ ရေးဆွဲဖို့လို့ပဲ အဆိုရှင်က ဆရာကြီးဦးမြင့်ကြည် က တင်ပြခဲ့ပါတယ်။ ဘယ်လို ဥပဒေမျိုးဆိုတဲ့ တိကျတဲ့ Specific ဖော်ပြချက်မျိုးကိုတော့ အဆို တင်ပြခဲ့တုန်းက မတွေ့ခဲ့ရပါဘူး။ အဲဒီတော့ ကျွန်တော့်အနေနဲ့ တင်ပြရရင်တော့ ရှိပြီးသား ဥပဒေတွေကို ပြန်လည်ပြင်ဆင်သုံးသပ်ဖို့က အဓိက လိုပါတယ်။ နောက်တစ်ခါ နည်းဥပဒေတွေကို အမြန်ဆုံး ရေးဆွဲဖို့နဲ့ ဒီ အလုပ်သမားဥပဒေတွေ အသက်ဝင်ဖို့က အရေးကြီးဆုံးလို့ ဒါ ပထမအချက် တင်ပြလိုပါတယ်။ ဒုတိယအချက်ကတော့ ဒီဥပဒေတွေရဲ့ အာဏာသက်ဝင်မှု Enforcement ကို တိတိကျကျ ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။ တတိယအချက်ကတော့ ဒီဥပဒေတွေကို၊ ပညာပေးမှုတွေကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် အမျိုးသားရေးအမြင်နဲ့ ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။ နောက်ဆုံးအချက်ကတော့ တာဝန်ယူ ဆောင်ရွက်နေရတဲ့ အလုပ်သမား အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနကို ပံ့ပိုးဖြည့်ဆည်းမှုတွေ ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်လို့ တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရှိသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ စိတ်၏ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ မေတ္တာပို့ရင်း ဂါရဝပြုပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပြီး ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည် ရဲ့ အလုပ်သမားအခွင့်အရေးများကို ပြန်လည်သုံးသပ်၍ အလုပ်သမားဥပဒေ ရေးဆွဲရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဲဒီ ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို ဖတ်ကြည့်တဲ့အခါမှာ အလုပ်သမားအခွင့်အရေး များကို ပြန်လည်သုံးသပ်၍ အလုပ်သမားဥပဒေ ရေးဆွဲရန်လို့ဆိုတဲ့ အတွက်ကြောင့်မို့လို့ အလုပ်သမား အခွင့်အရေးများကို ပြန်လည်သုံးသပ်၍ဆိုတဲ့ စကား နောက်တစ်ခါ အလုပ်သမားဥပဒေ ရေးဆွဲရန် ဆိုတဲ့ အထဲမှာ အသစ် သို့မဟုတ် ပြန်လည် သို့မဟုတ် တစ်ခုခုပေါ့နော် အထူးပြုထားတာ မပါ ပါဘူး။ အဲဒီကျတော့ ဒီမှာ အလုပ်သမားအခွင့်အရေးများကို ပြန်လည်သုံးသပ်၍ အလုပ်သမား

ဥပဒေ ရေးဆွဲရန် ဆိုတဲ့အထဲမှာ အခု ရေးဆွဲတဲ့ ဥပဒေထဲမှာပဲဖြစ်ဖြစ် အသစ်ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် သူက ကျန်တာမပါဘဲနဲ့ ပြန်လည်သုံးသပ်၍ ရေးဆွဲပေးပါလို့ တောင်းဆိုတဲ့သဘောလို့ အဲဒီလိုပဲ ကျွန်မကတော့ ယူဆတယ်။ အဲဒီအခါကျတော့ ကျွန်မတို့တာဝန်ရှိတဲ့ နိုင်ငံတော်အစိုးရဘက်ကလည်း သူတို့ ဒီအလုပ်သမား တွေနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်စရာရှိတာတွေကို အချိန်နဲ့တစ်ပြေးညီ သူတို့လည်း ကြိုးကြိုးစားစား ဆောင်ရွက်နေကြတာကိုလည်း ကျွန်မတို့က လေ့လာပြီးတော့ တွေ့ရှိရ ပါတယ်။ သို့သော်ငြားလည်းပဲ ဒါက တစ်ဖက်က ပြည်ထောင်စုအစိုးရအဖွဲ့ရယ်၊ ပြည်ထောင်စုမှာ တာဝန်ရှိတဲ့ အစိုးရအဖွဲ့ရဲ့ စေတနာနဲ့ သူတို့ရဲ့ လုပ်ဆောင်ချက်တွေပါ။ သို့သော်ငြားလည်းပဲ တစ်ဖက်က ဖြစ်နေတဲ့ အဖြစ်တွေ ကလည်း ဒါ ဘယ်လိုမှ ငြင်းလို့မရတဲ့အဖြစ်တွေကလည်း ဖြစ်နေတာရှိပါတယ်။

အဲဒါကြောင့်မို့လို့သာလျှင် ဒေါက်တာမြင့်ကြည် ကလည်း အလုပ်သမားအခွင့်အရေး များကို ပြန်လည်သုံးသပ်၍လို့ ပြောတာ ဖြစ်တဲ့အတွက် ကျွန်မ အဲဒီအပေါ်မှာ အလေးအနက် ထားပြီးတော့ ဆွေးနွေးချင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့နိုင်ငံမှာ ခုချိန်ဟာ တော်တော်လေးကို ဖွံ့ဖြိုးတိုးတက်စပြု ပွင့်လင်းစပြုပြီးတော့ အားကြိုးမာန်တက် ဆောင်ရွက်နေတဲ့အချိန်မှာ မလိုလား အပ်တဲ့ဟာလေးတွေကြောင့်မို့လို့ ရှေ့ဆက်မယ့်ခရီးတွေ ဖွံ့ဖြိုးတိုးတက်မယ့် အရှိန်အဟုန်တွေဟာ အရှိန် နှေးမှာ၊ တန့်မှာ မလိုလားအပ်တာကြောင့်မို့လို့ ခရီးပေါက်သင့်သလောက် မပေါက်မှာကိုလည်း ကျွန်မတို့ကစိုးရိမ်ပါတယ်။ အဲဒါကြောင့် ကြိုးစားကြတာ စေတနာထားကြတာနဲ့အမျှ ထိုက်ထိုက်တန်တန် ဖြစ်ဖို့လည်း လိုအပ်ပါတယ်။ အဲဒီတော့ စောစောက ကျွန်မတို့ရဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားသလိုပဲ ကျွန်မတို့ ပူးပေါင်းကော်မရှင်မှာ သွားပြီးတော့ လေ့လာခဲ့ကြပါတယ်။ စက်ရုံတွေ ကို သွားလေ့လာတဲ့အခါမှာ အားနည်းချက်တွေ အများကြီးပဲ တွေ့ခဲ့ပါတယ်။ အဲဒီထဲကမှ အခုဆို လို့ရှိရင် ဒီမှာ အလုပ်သမားဝန်ကြီးဌာနရဲ့ ပြုပြင်ပြီးတော့ ပြင်ဆင်နေတဲ့ ဥပဒေတွေ၊ အသစ်ရေးဆွဲမယ့် ဥပဒေတွေ ဖျက်သိမ်းမယ့် ဥပဒေတွေ ကျွန်မတို့ လေ့လာထားပါတယ်။ ကျွန်မတို့ဆီမှာလည်း အဲဒါတွေကို ပေးထားပါတယ်။

သို့သော်ငြားလည်းပဲ ကျွန်မတို့ သွားပြီးတော့ လေ့လာစဉ်က အဖြစ်ကလေးနဲ့ အခု လက်ရှိ အဖြစ်ကလေးကို ကျွန်မက စဉ်းစားနိုင်ဖို့အတွက် ဆွေးနွေးတင်ပြချင်ပါတယ်။ အဲဒါကတော့ ကျွန်မတို့ အဖွဲ့သွားတဲ့အခါမှာ ကျွန်မတို့က အလုပ်သမားတွေရဲ့ အခွင့်အရေးတွေ ဘယ်လိုများ နေသလဲ၊ နောက် ကျန်တဲ့ အလုပ်ရှင်တွေရဲ့ အခွင့်အရေးတွေ ဘယ်လိုများနေသလဲဆိုတာ သိဖို့အတွက် အလုပ်ခန့်ထားခြင်းနဲ့ အလုပ်ခွင် စည်းကမ်းသတ်မှတ်ချက်များ ကျွန်မတို့က လေ့လာပါတယ်။ နောက်တစ်ခါ လုပ်ခပေးပုံစနစ်နဲ့ လုပ်ခသတ်မှတ်ချက်များ အလုပ်ချိန် နားချိန်သတ်မှတ်ချက်များနဲ့ အချိန်ပိုဆင်းရမှု အခြေအနေများ၊ နောက်တစ်ခါ လုပ်ငန်းခွင့်သက်သာချောင်ချိရေး ဆောင်ရွက် ထားတဲ့ အခြေအနေနဲ့ လူမှုဖူလုံရေးခံစားခွင့် အခြေအနေများ၊ နောက် ဆန္ဒပြမှုဖြစ်စဉ်များနဲ့ ဆန္ဒထုတ်ဖော်တဲ့ အဖြစ်တွေပေါ့နော်၊ ဆန္ဒပြမှုဖြစ်စဉ်များနဲ့ အလုပ်ထုတ်ခံရမှု အခြေအနေများ၊ နောက်တစ်ခါ အလုပ်သမား အဖွဲ့အစည်းရဲ့ အခြေအနေများ နောက်တစ်ခါ လုပ်သားများအတွက် ကျွမ်းကျင်မှုဆိုင်ရာ ဆောင်ရွက်ပေးမှု အခြေအေနများ၊ အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေး အခြေအနေများ ကုန်ထုတ်လုပ်မှုနဲ့ ဈေးကွက်အခြေအနေ အလုပ်ရှင်များရဲ့ လိုအပ်ချက် စက်ရုံ၏ အားသာချက်၊ အားနည်းချက် တွေ့ရှိမှုအခြေအနေနဲ့ အခြားတင်ပြချက်တွေပေါ့။

နောက်တစ်ခါ နောက်ဆုံးကတော့ ဥပဒေများအား လိုက်နာဆောင်ရွက်မှုအခြေအနေ ဘယ်လိုရှိလဲဆိုတာ ကျွန်မတို့ အားလုံး ဘက်စုံ ထောင့်စုံ ကနေပြီးတော့ လေ့လာခဲ့ပါတယ်။ အဲဒီ အခါမှာ ဒီပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ ရှိတယ်။ နောက်ထပ် အသစ်ရေးဆွဲမယ့် ဥပဒေတွေလည်း ရှိတယ်။ သို့သော် အစောက ပြောသလို ဒီပြဋ္ဌာန်းထားတဲ့ဥပဒေပေါ်မှာ လေးစားလိုက်နာမှု အားနည်း တာတွေရှိသလို ပြဋ္ဌာန်းထားတဲ့အထဲက ပြဋ္ဌာန်းထားတယ်ဆိုတာလည်း အဲဒီပြဋ္ဌာန်းထားတဲ့ နောက်က နေပြီးတော့ နည်းဥပဒေတို့ ကျန်တဲ့ သဘောတူညီချက်စာချုပ်တို့ ဘာတို့ ဆိုတဲ့ အားနည်းချက်တွေ ရှိတာကို အလုပ်သမားတွေအတွက် အာမခံချက်တွေမရှိတာ လုပ်ငန်းခွင်မှာ တည်မြဲဖို့ အာမခံချက် တွေ မရှိတာကို ကျွန်မတို့ လေ့လာတွေ့ရှိရပါတယ်။ အဲဒီကျတော့ ဒီကလေးတွေရဲ့ အားကိုး အားထားဟာ အခု နိုင်ငံတော်က ချပေးထားတဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ အရဆိုလို့ရှိရင် သူတို့ အလုပ်သမားသမဂ္ဂ သို့မဟုတ် အလုပ်သမား အဖွဲ့အစည်း အဲဒါပဲ ရှိတယ်။ အဲဒါရှိတော့ သူတို့ရဲ့ ခံစားချက်တွေ၊ သူတို့ရဲ့ လိုလားချက်တွေ သူတို့ တွေ့နေရတဲ့ အခက်အခဲတွေကို သူတို့ အဖွဲ့ကနေ တစ်ဆင့်ပြီးတော့ တင်ပြရတယ်။

သို့သော်ငြားလည်းပဲ အလုပ်ရှင်နဲ့အလုပ်သမားကြားမှာ တကယ်တင်ပြနေတဲ့ အလုပ်သမား အဖွဲ့အစည်းတွေရဲ့ အခက်အခဲကလည်း သူတို့က ဥပဒေတွေကို သေသေချာချာ ကျွမ်းကျွမ်းကျင်ကျင် နားမလည်တာ နောက်ပြီးတော့ ကျန်တဲ့ အထွေထွေဗဟုသုတနဲ့ သူတို့ အလုပ်သမား အဖွဲ့အစည်း တစ်ခုရဲ့ လုပ်ဆောင်ရမယ့် Capacity ပေါ့နော်၊ အဲဒါတွေ အပြည့်အဝ မရှိတဲ့အခါကျတော့ကာ အဲဒါကလည်း တစ်ချက်၊ နောက်တစ်ခါ အလုပ်ရှင်ကနေပြီးတော့ နားလည်စွာနဲ့ နားလည်ပေးနိုင်တဲ့ လိုက်လျောမှုတွေ မရှိတဲ့အခါမှာ မလိုလားအပ်တဲ့ ကုန်ထုတ်လုပ်မှုမှာ အနှောင့်အယှက် ဖြစ်မယ့်ဟာ တွေက ပေါ်လာတာ ဖြစ်ပါတယ်။ အဲဒီတော့ကာ ကျွန်မတို့ အခု လေ့လာတွေ့ရှိခဲ့ရသလောက်ဆိုရင် စက်ရုံတော်တော်များများမှာ ထုတ်ပစ်လိုက်တဲ့ကလေးတွေကို ကြည့်တဲ့အခါမှာ အလုပ်သမားသမဂ္ဂနဲ့ အလုပ်သမားအဖွဲ့အစည်းက ကလေးတွေ များတယ်ဆိုတာ ကျွန်မတို့က သွားပြီးတွေ့ရပါတယ်။

အဲဒီ ထုတ်ပစ်တဲ့အခါကျတော့လည်း သူတို့က ခေါ်ပြီးတဲ့အခါကျတော့ ငွေပေးမယ်၊ လက်မှတ်ထိုးခိုင်းမယ်။ ချက်ချင်းထုတ်ပစ်လိုက်မယ် အဲဒါမျိုးတွေ ဖြစ်ပါတယ်။ အဲဒီကျတော့ကာ ကျွန်မဆီကို ဟိုတစ်နေ့က ဖာမိုဆို က အလုပ်သမားတွေက ဖုန်းနဲ့ ခွင့်တောင်းပါတယ်။ တွေ့ပါရစေ ဆိုတော့ ကျွန်မ တွေ့ခွင့် ပေးလိုက်တယ်။ အဲဒီတော့ သူတို့ရဲ့ ကိစ္စဝိစ္စတွေအားလုံး ဖြစ်ပြီးသွားပါပြီ။ သို့သော်လည်း ရေနစ်တဲ့လူဟာ မြက်တစ်ပင်ဖြစ်ဖြစ် သူတို့က ဆွဲတာပဲဆိုတော့ အဲဒီသဘောမျိုးနဲ့ ကျွန်မဆီကို ဘာများ အကူအညီပေးနိုင်မလဲဆိုပြီး အားကိုးတကြီးနဲ့ ရောက်လာ ကြတာ ဖြစ်ပါတယ်။ အဲဒီတော့ကာ ကျွန်မက သူတို့ကို မေးလိုက်တဲ့အခါကျတော့ အလုပ်ရှင်က ခေါ်တယ်၊ ခေါ်တော့ သမဂ္ဂမှာပါတဲ့ ဥက္ကဋ္ဌရယ်၊ အတွင်းရေးမှူးရယ်၊ ဘဏ္ဍာရေးမှူးရယ် ဒီ (၃)ယောက်ကိုပဲ ခေါ်တယ်၊ ခေါ်ပြီးတော့ ပိုက်ဆံပေးတယ်၊ ပေးပြီးတော့ လက်မှတ်ထိုးခိုင်းတယ်။ စာချုပ်မှာ လက်မှတ်ထိုးပါ၊ ထိုးပြီးတော့ အခု ချက်ချင်း ထွက်သွားပါဆိုတော့ ကျွန်တော်တို့မှာ ဘာအပြစ်ရှိလို့တုန်း ကျွန်မတို့မှာ ဘာအပြစ်ရှိလို့တုန်း ဆိုတော့ အဲဒါတွေ သိစရာ မလိုဘူး။ အဲဒါတွေကို မင်းတို့ မေးစရာလည်း မလိုဘူး သိစရာလည်း မလိုဘူး။ အဲဒီငွေကိုယူ အဲဒီစာရွက်မှာ လက်မှတ်ထိုး ခု ချက်ချင်းထွက် ဆိုတဲ့ အခါကျတော့ ငွေလည်း မယူဘူး။ လက်မှတ်လည်း မထိုးဘူး။ ဒါပေမဲ့ အလုပ်က ဖြုတ်တယ်ဆိုတဲ့

အတွက်ကြောင့်မို့လို့ အခု ထွက်ဆို ခုထွက်ပါမယ်ဆိုပြီး (၃)ယောက်သား ထွက်သွားပြီးတော့ သူတို့ မိန်းကလေးတွေက ခြင်းလေးတွေ ဘာလေးတွေ ပါတော့ သူတို့နေရာကို ခြင်းလေးတွေ ဘာလေးတွေ ယူဖို့ ပြန်တဲ့အခါမှာ ဘယ်ကိုသွားမှာလဲ လုံးဝသွားခွင့် မရှိဘူး။ စက်ရုံထဲကို ဝင်သွားခွင့် မရှိဘူး။ မိမိယူလာတဲ့ ထီး၊ ဖိနပ်၊ ခြင်း ယူခွင့်မရှိဘူး၊ ထမင်းချိုင့် ယူခွင့်မရှိဘူး။ တောက်လျှောက်အဲဒီပြောနေတဲ့ နေရာကနေပြီးတော့ အပေါက်ကို အစောင့်အရှောက်နဲ့ ချက်ချင်းသွား သူတို့က လုံးဝ အဲဒီလို လုပ်ခွင့်မရှိဘဲနဲ့ အဲဒီ ကျွန်မတို့ ပစ္စည်းလေးတွေ မဟုတ်ဘူး လုံခြုံရေးနဲ့ ပို့ခိုင်းမယ်။ အဲဒီ အလုပ်ခွင်ထဲ ပြန်ကို မဝင်ရဘူး။ တောက်လျှောက် အပေါက်ကို ထွက်ရတယ်။ အဲဒီတော့ ပိုက်ဆံလည်း မယူဘူး၊ လက်မှတ်လည်း မထိုးဘူး။ သူတို့ တောက်လျှောက် အပေါက်ကို ထွက်ရတယ်။ ထွက်ပြီးတဲ့အခါ ကျတော့ အပြင်မှာ ferry က ပြန်မယ့်အခါ စောင့်နေတယ်။ သို့သော်ငြား သူတို့က အကုန်လုံး ဘေးကနေပြီး (၂)ယောက် (၃)ယောက် ညှပ်ပူးညှပ်ပိတ်ပါလာတဲ့အပြင် အဲဒီ ferry ကို ဒီအခု အလုပ်ဖြုတ်လိုက်တဲ့(၃)ယောက်ကို လုံးဝတင်မသွားရဘူးဆိုတော့ အဲဒီကလေးတွေမှာတော်တော်လေး ဒုက္ခရောက်တယ်။

အဲဒီတော့ အဲဒီလောက်အထိ ရက်ရက်စက်စက် ဖိနှိပ်ပြီးတဲ့အခါကျတော့မှ လုပ်တာတွေ သည် အင်မတန် မင်းမဲ့စရိုက် ဆန်ပြီးတော့ ရက်စက်ကြမ်းတမ်းတယ်လို့ ကျွန်မ အဲဒီလို ခံစားရတယ်။ အဲဒီတော့ သူတို့ရှေ့မှာတင်ပဲ ကျွန်မက သူတို့ရဲ့ စာချုပ် ကျွန်မတို့ကို ပေးထားတာ ရှိတယ်။ ကျွန်မတို့ ပူးပေါင်းကော်မရှင်ကို လာပြီးတော့ပေးထားတာ ဒီမှာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကနေ ပြီးတော့ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ ကုမ္ပဏီ၏ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် နမူနာဆိုပြီးတော့ ကျွန်မတို့ဆီကို ပေးထားတာ ရှိပါတယ်။ အဲဒီထဲမှာ ဥပဒေတွေ ဒီထဲမှာ ပါ ပါတယ်။ အဲဒီပါတဲ့အထဲကမှ တချို့ကို ကျွန်မ ကောက်နုတ်ပြီးတော့ ကျွန်မ ဆွေးနွေးတင်ပြချင်ပါတယ်။ ကျန်တာ တွေကို ကျွန်မ အထူးတလည် မပြောတော့ဘဲနဲ့ ဒီမှာ လူမှုဖူလုံရေးနဲ့ ပတ်သက်လို့ကလည်း မပြောဘူး ဆိုပေမယ့် ဒါ လူမှုဖူလုံရေးနဲ့ ပတ်သက်တဲ့ အခွင့်အရေးကို မခံစားရတဲ့ လူတွေလည်း ရှိတော့ ရှိပါတယ်။ သို့သော် ကျွန်မ ပြောချင်တာက ကျန်တဲ့ဟာက တော်တော်လေး များနေတော့ အဲဒီဟာ မပြောဘဲနဲ့ အဲဒီထဲကပါတဲ့ ပုဒ်မပဲ ဆိုပါတော့ ပုဒ်မ ၁၃ မှာ စာချုပ်ရပ်စဲခြင်း ဆိုပြီးတော့ ပါ ပါတယ်။ အဲဒီမှာ အောက်ပါအချက်များကြောင့် သဘောတူစာချုပ် ရပ်စဲနိုင်သည်လို့ပါပြီး(က)မှာ အလုပ်ရှင်က အလုပ်သမားငှားရမ်းသည့်ကာလ ကုန်ဆုံးခြင်း၊ စက်ရုံဖျက်သိမ်းခြင်း၊ မမျှော်မှန်းနိုင်သော ဖြစ်ရပ် ကြောင့် လုပ်ငန်းရပ်စဲသွားခြင်း (ခ) အလုပ်သမားဘက်က စည်းမျဉ်းစည်းကမ်းလိုက်နာမှု မရှိခြင်း၊ အလုပ်သမား သေဆုံးခြင်း၊ အလုပ်သမား ပြစ်မှုကျူးလွန်၍ ထောင်ချ အပြစ်ပေးခံရခြင်း၊ အဲဒီ အလုပ်ရှင်ဘက်က (၃)ချက်၊ အလုပ်သမားဘက်က (၃)ချက် ရှိမှသာလျှင် စာချုပ်ကို ရပ်စဲရမယ် ဆိုတဲ့သဘောပဲ။ သို့သော်ငြားလည်းပဲ အခု စာချုပ်ရပ်စဲတယ် ဆိုတာကတော့ ပိုက်ဆံပေးလိုက်ရင် စာချုပ်က ရပ်စဲပြီးသား ဖြစ်သွားပြီ။ ဒီအချက်(၃)ချက်မလိုဘူး၊ ဒီသတ်မှတ်ထားတဲ့ ၁၃ ကို မလိုက်နာ တဲ့သဘော၊ ထည့်ကို မစဉ်းစားဘဲနဲ့ ထည့်ကိုမတွက်တဲ့သဘော နဲ့ အခုက သူတို့ အလုပ်ထုတ်ချင်ရင် သူတို့အလုပ်သမားကိုခေါ်၊ ခေါ်ပြီးရင်ငွေပေး၊ ငွေပေးပြီးရင် ချက်ချင်းထုတ်၊ ကလေးတွေက မယူ၊ မယူတော့ ဒီအတိုင်းထွက်သွားရ၊ ဘယ်သူကမှလည်း မကူညီ။

သို့သော်လည်း အခုတော့ အဆင့်ဆင့်သော ခုံသမာဓိတွေနဲ့ ဖျန်ဖြေရေးတွေရှိတယ်။ သို့သော်ငြားလည်းပဲ တချို့ဆိုရင် ခုံသမာဓိတွေရဲ့ဖျန်ဖြေချက်ကိုလည်း လက်မခံဘူး။ အဲဒီလိုဆိုတော့ အလုပ်သမားက အကြာကြီး သူတို့က ခဏနဲ့ပြီးရမယ့်ဟာ မပြီးဘဲနဲ့ သူတို့ ဆွဲထားတဲ့အခါမှာ အလုပ်လည်း မလုပ်ရ၊ ငွေကြေးကလည်း မဝင်နဲ့ ဒုက္ခရောက်ပြီး အခုဆိုလို့ရှိရင် တချို့စက်ရုံကနေ ပြီးတော့ ထွက်သွားတဲ့ကလေးတွေဟာ ဘယ်ကို ရောက်နေလဲ ဆိုတဲ့အခါကျတော့ စက်ရုံတွေမှာ မဟုတ်ဘဲနဲ့ ဆိပ်ကမ်းတွေမှာ သဲသယ်တာ၊ ကျောက်သယ်တာ၊ အလုပ်ကြမ်းသမားတွေ အဲဒီဘဝနဲ့ သူတို့ဘဝကိုသူတို့ ထိန်းကျောင်းတဲ့ အခြေအနေထိကိုပဲ သူတို့တွေ ဘဝပျက်တဲ့အခြေအနေရှိတယ်။ တချို့ဆိုလည်း တော်တော်လေးကို အခြေအနေဆိုးသွားတယ်။ အဲဒီတော့ကာ အဲဒီအခုလိုမျိုး အလုပ်ရှင်ကနေပြီးတော့ ဥပဒေတွေကိုချိုးဖောက်နေတာ၊ နောက်တစ်ခုက ဘာလဲဆိုတဲ့အခါကျတော့ ဒီမှာနောက်ဆုံးမှာ ပါသေးတယ်။ ဘာလဲဆိုတော့ အလုပ်ခန့်ထားမှု သဘောတူစာချုပ်အား အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးသဘောတူ ဖျက်သိမ်းခြင်း ဆိုပြီးတော့ပါတာ။ တစ်လကြိုတင် အသိပေးညှိနှိုင်း ရမည် ဆိုသော်ငြားလည်းပဲ အခုက တစ်လမပြောနဲ့ တစ်ရက်လည်း ကြိုပြီးတော့ သတိမပေးဘူး၊ အသိမပေးဘူး။ ချက်ချင်းကိုပဲ ချက်ချင်းလက်မှတ်ထိုး၊ ချက်ချင်းငွေယူ၊ ချက်ချင်းထုတ် ဆိုတဲ့အခါ ကျတော့ ဒါတွေကို ကျွန်မတို့ဘက်က နည်းနည်းလေးတော့ ကျွန်မတို့သည် ဥပဒေပြုတဲ့ လွှတ်တော် ကိုယ်စားလှယ် ဟုတ်တယ်။

သို့သော်ငြားလည်းပဲ ပြည်သူလူထုရဲ့ အခြေအနေကို ကျွန်မတို့က လယ်သမား၊ အလုပ်သမား၊ အခြားသော လူငယ်၊ အမျိုးသမီး စသည်ဖြင့် အကုန်လုံးကို အခြေအနေအရပ်ရပ်ကို ကြည့်ပြီးတော့ ကျွန်မတို့က ဆောင်ရွက်ပေးနေရတာ၊ တင်ပြရတာ၊ တောင်းဆိုရတာ ဖြစ်တဲ့အခါကျ တော့ အခုဒီအခြေအနေမှာ ဥပဒေတွေပြဋ္ဌာန်းနေတာ ဟုတ်တယ်၊ ရေးဆွဲနေတာဟုတ်တယ်၊ ရေးဆွဲ ပြီးတာတွေ ရှိတာဟုတ်တယ်၊ နောက်ထပ်လည်းလာမှာတွေ ဟုတ်တယ် သို့သော်လည်း လိုအပ်တာ တွေကို နောက်လာလတ္တံ့သော ဥပဒေတွေမှာ ထည့်ပြီးတော့ အခုပြောတဲ့အချက်တွေ ကိုတော့ နှစ်ဦးသဘောတူစာချုပ်လေးကိုတော့ နည်းနည်းစဥ်းစားစေချင်တယ်။ ဒီထဲကနေ အလုပ်သမားတွေ အတွက် အာမခံချက်မရှိတဲ့ တစ်ဖက်စောင်းနင်း ဖြစ်နေတဲ့ တစ်ဖက်သတ်ဖြစ်တဲ့ဟာတွေနဲ့ပဲ ခဏခဏ ကလေးတွေ အထုတ်ခံနေရတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါကိုတော့ သက်ဆိုင်ရာတာဝန်ရှိသူတွေ အနေနဲ့ နည်းနည်း ပြန်လှန်ပြီးတော့ စဥ်းစားပေးဖို့ ကျွန်မမေတ္တာရပ်ခံလိုပါတယ်။

ဒီမှာလည်း ကျွန်မတို့ အလုပ်ရုံနဲ့ အလုပ်သမား စစ်ဆေးရေးဦးစီးဌာနကနေပြီးတော့ ၁၉၅၁ ခုနှစ်နှင့် ပတ်သက်ပြီးတဲ့ဥပဒေတွေကို ပြင်ဆင်ရေးဆွဲ နေတာတွေရှိပါတယ်။ အဲဒီမှာခွင့်ရက်နဲ့ အလုပ်ပိတ်ရက် ဥပဒေတွေ၊ အလုပ်ရုံများ အက်ဥပဒေ၊ အလုပ်သမား သက်သာချောင်ချိရေးဥပဒေနဲ့ ကျန်တဲ့ ၁၉၅၂ ခုနှစ်၊ ဆိုင်ခန်းနဲ့ အလုပ်ဌာနများ အက်ဥပဒေ စသည်ဖြင့်ပေါ့နော် အလုပ်သမား လျော်ကြေးဥပဒေ၊ အဲဒါတွေမှာ လိုအပ်သလို အခုကျွန်မပြောတဲ့ဟာတွေကို ဒီဝန်ထမ်း တွေအတွက် အာမခံချက် မရှိတဲ့ ဒီပြဋ္ဌာန်းချက်တချို့ကို နည်းနည်းပြန်ပြီးတော့ ပြင်ဆင်သင့်တယ် သို့မဟုတ် ဖြည့်စွက်သင့်တယ်လို့ ကျွန်မက အကြံပြုချင်ပါတယ်။ အစောကပြောသလိုပဲ ဒါတွေနဲ့ ပတ်သက် ပြီးတော့ ကျွန်မတို့ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနကဖြစ်စေ၊ တစ်ခုခုကဖြစ်စေEnforcement လိုက်ပြီးလုပ်ဖို့အတွက်ကလည်း သူတို့ လိုက်နာသလား၊ စည်းမျဥ်းစည်းကမ်းတွေ လိုက်နာသလား၊

အလုပ်သမားတွေ အခွင့်အရေးအတွက် ဆေးသေတ္တာတွေ ထားပေးသလား၊ လူမှုဖူလုံရေးခွင့်တွေ တကယ်ပဲ ခံစားခွင့် ပေးနေသလားဆိုတဲ့ ကျန်တဲ့အချက်တွေ အများကြီးအတွက်လည်း ဒါ တာဝန်ရှိတဲ့သူတွေက နည်းနည်း နောက်ကနေ လိုက်ပြီးတဲ့အခါတော့ ဒါတွေကို လေ့လာသုံးသပ်ပြီးတဲ့ အခါကျတော့မှ လိုအပ်သလို နည်းနည်းတွန်းအားပေးဖို့ လိုအပ်တယ်လို့ကျွန်မ ထင်ပါတယ်။

အဲဒီမှာ အစောက ဟိုဘက်က ကိုယ်စားလှယ်တော်ကြီး တင်ပြသွားသလိုပဲ ကျွန်မတို့ နိုင်ငံဟာ အခုဖွံ့ဖြိုးလာပြီ၊ တိုးတက်လာပြီ တစ်ခါတည်း ပြည်ပပို့ကုန်တွေရော စသဖြင့်ပေါ့နော် ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးအတွက် ကျွန်မတို့ ကြိုးစားနေတဲ့အချိန်မှာ ဝန်ထမ်းတွေရဲ့ အရည်အသွေး ကလည်း လိုအပ်ပါတယ်။ ဝန်ထမ်းတွေစိတ္တသုခ၊ ကာယသုခနဲ့ ပြည့်စုံနေမှ သူတို့ဆီက တကယ်ဖွံ့ဖြိုးတဲ့၊ တကယ်တိုးတက်တဲ့၊ တကယ်ပြည့်ဝတဲ့ ကုန်ထုတ်လုပ်မှုတွေ ထွက်လာမှာ ဖြစ်ပါ တယ်။ အဲဒီတော့ကာ ဒီအလုပ်သမားတွေအတွက် လိုအပ်တာတွေကို နားလည်ပါးနပ်စွာနဲ့အလုပ်ရှင် တွေကနေပြီးတော့ ဖြည့်ဆည်းပေးရမှာဖြစ်သလို အလုပ်ရှင်အတွက်ကတော့ နိုင်ငံတော်ကနေပြီးတော့ ဖြည့်ဆည်းပေးရမှာ ဖြစ်ပါတယ်။ အလုပ်သမားတွေအတွက် အာမခံချက်ရှိတဲ့၊ နောက် အလုပ်ခွင် တည်မြဲခွင့်ရှိတဲ့၊ နောက် သဟဇာတဖြစ်တဲ့ အခွင့်အရေးတွေပါတဲ့ ဥပဒေတွေ၊ ပြဋ္ဌာန်းချက်တွေ လိုအပ်နေတာ ဖြစ်ပါတယ်။ အဲဒီတော့ ပြဋ္ဌာန်းထားတဲ့ မလိုက်နာနိုင်သေးဘူး ဆိုသော်ငြားလည်းပဲ အခု လိုက်နာနေတဲ့ဟာတွေကလည်းပဲ ပိုက်ဆံပေးလိုက်လို့ရှိရင် ထုတ်ပစ်လို့ရတယ် ဆိုတဲ့အချက်နဲ့ အနိုင်ကျင့်ပြီး အဲဒီလိုလုပ်နေတဲ့အပေါ်မှာ နောက်လာလတ္တံ့သော တိုးပွားလာမယ့်အလုပ်ဌာနတွေ၊ စက်ရုံတွေ နောက်ပြီးအခါကျတော့ တိုးပွားလာမယ့်အလုပ်ရှင်တွေ အကုန်လုံး ကျယ်ပြန့်လာမယ့် လုပ်သားထုအတွက် နောက် မြန်မာနိုင်ငံက အခုဆို ဘွဲ့ရအလုပ်လက်မဲ့တွေ ရှိတယ်။ နောက်ကျန်တဲ့ အလုပ် လိုအပ်နေတဲ့လူတွေ ရှိတယ်။ အခု ဟုန်ရှင်း ဆိုလို့ရှိရင် အလုပ်ပိတ်လိုက်တဲ့အတွက် အလုပ်သမားတွေ အကုန်အလုပ်လက်မဲ့ ဖြစ်ကုန်တယ်။ သို့သော်လည်း အာမခံထားတဲ့လူတွေ ကလည်း အဆက်အသွယ် ဘယ်သူမှမလုပ်ဘူးလို့ ကျွန်မသိရတယ်။ အဲဒီတော့ကာ အခုလိုမျိုး လူငယ်တွေ၊ အလုပ်သမားတွေ ခိုကိုးရာမဲ့မဖြစ်အောင် ကျွန်မတို့က လိုအပ်နေတဲ့ဟာတွေကို အခု နောက်ထပ်ပြင်ဆင်မယ့် ဆောင်ရွက်နေတဲ့ ဥပဒေတွေထဲမှာ ထည့်ပြီးတော့ လေ့လာသုံးသပ်ပြီးတော့ ရေးဆွဲပေးပါလို့မေတ္တာရပ်ခံရင်းကျွန်မ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၁၀။**

**ဥက္ကဋ္ဌ။** ။အစည်းအဝေးကို (၁၅) မိနစ် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁:၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များ ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁:၁၀) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁:၂၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်ကျင်းပပါတော့မယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဒေါ်ဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များရှင်။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ် ပါတယ်။ ကျွန်မကတော့ **အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနရဲ့ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည် ရဲ့** အလုပ်သမား အခွင့်အရေးများကို ပြန်လည်သုံးသပ်၍ အလုပ်သမားဥပဒေ ရေးဆွဲရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်ရှင်။

**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် ဖြစ်ပေါ်တိုးတက် ပြောင်းလဲလာတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ မူဝါဒများနဲ့အညီ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားစေရေး အပိုင်းမှာ အဓိကမောင်းနှင်အားဖြစ်တဲ့ အလုပ်သမားများရဲ့ဥပဒေပါရပိုင်ခွင့် အခွင့်အရေးအပြည့်အဝ ရရှိနိုင်စေရေးကိုလည်း အလေးထားဆောင်ရွက်ပေးလျက်ရှိပါတယ်ရှင်။ မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ်ကစပြီးတော့ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်(ILO)ရဲ့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက် ခဲ့ပြီး လက်ခံကျင့်သုံးနေသော** ILO Convention **များနဲ့အညီ အလုပ်သမားရေးရာဥပဒေများကို ထုတ်ပြန်ဆောင်ရွက် လျက်ရှိပါတယ်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ အလုပ်သမား ရပိုင်ခွင့်၊ အခွင့်အရေးများကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ရရှိစေရေးအတွက် အလုပ်သမားဥပဒေ အသစ်များရေးဆွဲပြဋ္ဌာန်းခြင်း၊ မူလအလုပ်သမားဥပဒေများကို ပယ်ဖျက်၍ အသစ်ပြန်လည်ရေးဆွဲခြင်းနဲ့ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းခြင်းများကို ခေတ်ကာလနဲ့လျော်ညီအောင် ဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့အခြေအနေမှာ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်း ပေးခဲ့တဲ့ အလုပ်သမား ဥပဒေ(၅)ခု ရှိနေပါတယ်။ ၎င်းဥပဒေတွေကတော့ (၁)အလုပ်သမား အဖွဲ့အစည်း ဥပဒေဖြစ်ပါတယ်။ (၂) ကတော့ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေနဲ့**

**၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေ (၄)ကတော့ ၂၀၁၃ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေနဲ့ (၅) ကတော့ အလုပ်အကိုင်နဲ့ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတို့ဖြစ်ပါတယ်ရှင်။ အသစ်ရေးဆွဲပြီး ရုပ်သိမ်းမယ့် ဥပဒေ (၅)ခုရှိပါတယ်။ အဲဒါကတော့ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ၊ ၁၉၂၃ ခုနှစ် အလုပ်သမားလျော်ကြေးဥပဒေ၊ ၁၉၅၁ ခုနှစ်၊ ဆိုင်များနဲ့အလုပ်ဌာနများဥပဒေ၊ (၄)ကတော့ ဆိပ်ကမ်းအလုပ်သမားများဥပဒေနဲ့ ၁၉၃၆ ခုနှစ်လုပ်ခပေးရေးဥပဒေတို့ ဖြစ်ပါတယ်။ ဒါတင်မကဘဲနဲ့ အက်ဥပဒေများ အနေအထားမှာ ၁၉၄၈ ခုနှစ်က အလုပ်အကိုင်စာရင်း စစ်တမ်းကောက်ယူရေး အက်ဥပဒေ၊ ၁၉၅၉ ခုနှစ်က အလုပ်ခန့်ထားမှု ကန့်သတ်ရေးအက်ဥပဒေ၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ပေးရေးအက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ၊ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေနဲ့ ၁၉၅၁ ခုနှစ်၊ ရေနံမြေ အလုပ်သမားသက်သာ ချောင်ချိရေးအက်ဥပဒေ စတဲ့ အက်ဥပဒေ (၆)ခုကိုတော့ ခေတ်စနစ်နဲ့ လျော်ညီအောင် ပြင်ဆင်ရေးဆွဲ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထပ်မံပြီးတော့ ယခင်က ရေးဆွဲ ပြဋ္ဌာန်းခြင်း မရှိသေးတဲ့ နိုင်ငံခြားသား အလုပ်သမား ဥပဒေနဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး ကျန်းမာရေးဆိုင်ရာ ဥပဒေများကိုလည်း ဌာနက တာဝန်ရှိသူတွေ၊ ဥပဒေပညာရှင်၊ အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ရေးဆွဲလျက်ရှိပြီး မကြာသောကာလမှာ သက်ဆိုင်ရာ လွှတ်တော်အသီးသီးသို့ တင်သွင်းနိုင်တော့မှာ ဖြစ်ပါတယ်ရှင်။**

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရှင်။ အလုပ်သမားများရဲ့ခွင့်ရက်နဲ့ပတ်သက်ပြီး ကောက်နုတ်တင်ပြရမယ်ဆိုရင် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နဲ့ အလုပ်ပိတ်ရက်ဥပဒေမှာ ခွင့်အမျိုးအစား (၃)မျိုးနဲ့ အများပြည်သူအလုပ်ပိတ်ရက် (Gazetted Holidays) များကို လုပ်ခအပြည့်နဲ့ခံစားခွင့်ပေးထားကြောင်း ပြဋ္ဌာန်းထားပါတယ်။ ၎င်းဥပဒေ ပုဒ်မ ၃ တွင် မြန်မာနိုင်ငံအတွင်း အစိုးရရုံးများအတွက် ရုံးပိတ်ရက် (Gazetted Holiday)များကို အလုပ်ရှင်က မိမိအလုပ်သမားအား လစာငွေအပြည့်နဲ့ အများအလုပ်ပိတ်ရက်အဖြစ် ခံစားခွင့်ပြုထားကြောင်း ပြဋ္ဌာန်းထားပါတယ်။ ၎င်းဥပဒေပုဒ်မ ၄ တွင် လုပ်သက်ခွင့်ကို တစ်နှစ်လျှင်(၁၀)ရက် လုပ်ခအပြည့်နဲ့ ခံစားခွင့်ရှိပြီး လုပ်သက်တစ်နှစ်ပြည့်သူ အလုပ်သမားတိုင်း (၁၀)ရက်ကို တစ်ဆက်တစ်စပ်တည်း လုပ်ခအပြည့်နဲ့ခံစားခွင့်ရှိသည့်အပြင် အလုပ်ရှင်၊ အလုပ်သမား သဘောတူညီချက်ရပါက(၃)နှစ်ထက် မပိုသော ကာလအပိုင်းအခြားအတွက် လုပ်သက်ခွင့်ကို စုဆောင်းနိုင်ခွင့်ရှိသည့်အပြင် ခွင့်မသွားမိ လုပ်သက်ခွင့်အတွက် လစာကို ကြိုတင်ထုတ်ပေးရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ထို့ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ ၂ တွင် အလုပ်သမားသည် တစ်လလျှင် အနည်းဆုံး (၂၀)ရက် အလုပ်လုပ်ခဲ့သူဖြစ်၍ အလုပ်ကို တစ်ဆက်တစ်စပ်တည်း (၁၂)လပြည့်အောင် လုပ်ပြီးဖြစ်လျှင် လုပ်သက်ခွင့်ကို ခွင့်ပြုရ ပါမယ်။ သို့ရာတွင် အလုပ်သမားသည် (၂၀)ရက် ပြည့်အောင် အလုပ်မလုပ်ခဲ့သော လတိုင်းအတွက် မိမိလုပ်သက်ခွင့်ကို တစ်ရက်ကျစီ အဖြတ်ခံရမည်လို့ ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်ရှင်။ ဥပဒေပုဒ်မ ၅ တွင် ရှောင်တခင်ခွင့်ကို တစ်နှစ်လျှင် (၆)ရက် လုပ်ခအပြည့်နဲ့ခံစားခွင့်ရှိပြီး တစ်ကြိမ် ယူလျှင်(၃)ရက် ထက်မပိုစေရန် ပြဋ္ဌာန်းထားပါတယ်။ ရှောင်တခင်ခွင့်ကို လုပ်သက်ဘယ်နှစ်လရှိမှ ယူလို့ ပြဋ္ဌာန်းထားခြင်းမရှိတဲ့အတွက် ဒီနေ့အလုပ်ဝင်ပြီး နောက်နေ့မှာ ရှောင်တခင်ခွင့်လည်း ခံစား နိုင်ပါတယ်။

အဆိုပါပုဒ်မ ၆ တွင် ဆေးလက်မှတ်ခွင့်ကို တစ်နှစ်လျှင်ရက်ပေါင်း (၃၀) လုပ်ခအပြည့်နဲ့ ခံစားခွင့်ရှိပြီး ထိုဆေးခွင့်ကို လုပ်သက်(၆)လပြည့်ပြီးမှ ခံစားခွင့်ပြုပါကြောင်း၊ အကယ်၍ လုပ်သက် (၆)လမပြည့်မီ ကျန်းမာရေးကြောင့်ခွင့်ယူလိုပါက လစာမဲ့ဆေးလက်မှတ်ခွင့် ခံစားနိုင်ကြောင်းလည်း ပြဋ္ဌာန်းထားပါတယ်။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံဥပဒေ ပုဒ်မ ၇၃ တွင် အချိန်ပိုလုပ်ခကို သာမန် လုပ်အားခ၏နှစ်ဆ အနည်းဆုံးခံစားခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည့်အပြင် တစ်နာရီအချိန်ပိုလုပ်ခနှုန်း ကိုလည်း လစား၊ နေ့စား၊ ပုတ်ပြတ် အလုပ်သမားများအလိုက် Formula များ ထားရှိပြီးတော့ တွက်ချက်ခံစားခွင့်ပေးထားကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ ထို့အပြင် အခါကြီး ရက်ကြီးဖြစ်တဲ့ (Gazetted Holiday) များနဲ့ သာမာန်အလုပ်ဆင်းရသည့် နေ့ရက်များတွင် သတ်မှတ်ထားသည့် အလုပ်ချိန်ထက်ပို၍ အချိန်ပိုအလုပ်ဆင်းပါက ရရှိမည့် အချိန်ပိုလုပ်ခအပြင် ရှားပါးစရိတ်ရနေလျှင် ထိုအချိန်ပို လုပ်ခရသည့်နေ့အတွက် ပေးမြဲနှုန်းအတိုင်း ရှားပါးစရိတ် ရရှိစေမည်ဖြစ်ပြီး ရက်သတ္တပတ် အလုပ်ပိတ်ရက်နဲ့ (Gazetted Holiday) တစ်ထပ်တည်းကျခဲ့လို့ရှိရင်လည်း ထိုနေ့ကို (Gazetted Holiday) အဖြစ် သတ်မှတ် ခံစားခွင့်ပေးထားကြောင်းလည်း ပြဋ္ဌာန်းထားပါတယ်ရှင်။

ထို့အပြင် အလုပ်သမားကို အလုပ်ရပ်စဲခြင်း၊ အလုပ်မှထုတ်ပယ်ခြင်း၊ စက်ရုံပိတ်သိမ်း၍ အလုပ်မှ ရပ်နားရခြင်းတို့အတွက် ခံစားခွင့်ပေးခြင်းနဲ့ပတ်သက်ပြီး ယခင်**တ**ာကိဇ္ဇပဋိပက္ခမှုကော်မတီရဲ့ ဆုံးဖြတ်ချက်သာဓက လက်တွေ့ကျင့်သုံးနေသောစီရင်ထုံးအရ အလုပ်သမား၏ လုပ်သက်နှစ်အလိုက် ခံစားခွင့်ရရှိရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်း၊ ယခုအခါ အဆိုပါကိစ္စရပ်များ ခံစားခွင့်ရရှိရန် အမိန့် ကြေညာစာထုတ်ပြန်ရေးဆွဲဆောင်ရွက်နေပြီဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ရှင်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များရှင်။၁၉၃၆ ခုနှစ်၊ လုပ်ခ ပေးရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(၂)တွင် အလုပ်သမား၏ ပေါ့လျော့မှုကြောင့် ပစ္စည်းတစ်ခု ပျောက်ဆုံးခြင်း၊ ချို့ယွင်းခြင်းဖြစ်ခဲ့လျှင် အလုပ်သမားကို ရှင်းလင်းထုချေခွင့် ပေးထားပါတယ်။ အလုပ်သမားရဲ့ ပေါ့လျော့မှုကြောင့် မှန်ကန်ပါက ပစ္စည်းတန်ဖိုးထက်မပိုစေဘဲ အလုပ်သမား၏ လစာ၊ လုပ်ခလစာမှ ဖြတ်တောက်နိုင်ကြောင်း၊ ဖြတ်တောက်မှုငွေအားလုံးသည် အလုပ်ဆင်းရန် ပျက်ကွက်မှုမှအပ အလုပ်သမား ရရှိသည့် ငွေအားလုံး၏(၅၀)ရာခိုင်နှုန်းထက် မပိုရလို့ပြဋ္ဌာန်းထားပါတယ်ရှင်။

အမျိုးသမီးအလုပ်သမားများနဲ့ ပတ်သက်ပြီး ၁၉၅၁ ခုနှစ် အလုပ်ရုံဥပဒေပုဒ်မ ၂၉ တွင် ဝါဖတ်စက် လည်နေသော အလုပ်ရုံ အစိတ်အပိုင်းတစ်ခုခုတွင် မည်သည့်မိန်းမကိုမျှ သို့တည်း မဟုတ်ရင် မည်သည့်ကလေးကိုမျှ မခိုင်းစေရဟုလည်းကောင်း၊ ထိုဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ၁ တွင် အလုပ်တွင် မည်သည့်မိန်းမ၊ လူရွယ် သို့တည်းမဟုတ် ကလေးကိုမျှလေးလံလွန်းသဖြင့် ထိခိုက်နာကျင် စေမည့် လက္ခဏာရှိသော ဝန်ချိန်ကို ပင့်ရန်၊ သယ်ယူရန် သို့တည်းမဟုတ် ရွှေ့ပြောင်းရန် မခိုင်းစေရ ဟူ၍ လည်းကောင်း၊ ၎င်းဥပဒေပုဒ်မ ၄၄ တွင် အလုပ်ရုံတိုင်း၌ ဆေးကြောသျှော်ဖွပ်ရန် အခွင့်အလမ်း များအတွက် မိန်းမအလုပ်သမားများကို သီးခြားလုံလောက်စွာ ထားပေးရမည်ဟူ၍လည်းကောင်း၊ အဆိုပါ ဥပဒေပုဒ်မ ၅၀ တွင် အမျိုးသမီးအလုပ်သမား (၅၀)ကျော်ရှိသော အလုပ်ရုံများ၌ ထိုအမျိုးသမီး အလုပ်သမားများ၏(၆)နှစ်အောက်တွင် ရှိသော ကလေးများအတွက် ကလေးထိန်းခန်း ထားရှိပေး ရမည့်အပြင် ကလေးသူငယ်ပြုစုရေး ကျွမ်းကျင်တတ်မြောက်သော အမျိုးသမီးများက ကြီးကြပ် စီမံရမည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၅၂ တွင် အလုပ်သမားတို့၏ ကိုယ်အင်္ဂါကိုထိခိုက်စေမည့်

သို့တည်းမဟုတ်ရင် အလုပ်သမား အဆိပ်မိစေမည့် သို့တည်းမဟုတ် ရောဂါဖြစ်စေမည့် လက္ခဏာရှိသည့် အလုပ်ဖြစ်သည် ဟု နိုင်ငံတော်သမ္မတက ထင်မြင်ယူဆလျှင် နည်းဥပဒေပြု၍ ထိုအလုပ်တွင် မိန်းမများ သို့တည်းမဟုတ် လူရွယ်များ ကလေးများအား ခိုင်းစေခြင်းကို တားမြစ်နိုင်သည် သို့တည်းမဟုတ် ကန့်သတ်နိုင်သည်ဟူ၍ လည်းကောင်း၊ အလုပ်ရုံ နည်းဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဃ)တွင် အမျိုးသမီး အလုပ်သမားများအတွက် သန့်စင်ခန်းကို သီးခြားထားရှိရမည့်အပြင် မြင်သာသော အမှတ်အသား ရေးသားထားရမည် ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားတာလည်း တွေ့ရှိရပါတယ်ရှင်။

ကျွန်မတို့နိုင်ငံအနေနဲ့ ပြဋ္ဌာန်းထားတဲ့ အလုပ်သမားဥပဒေများကို တစ်ပေါင်းတစ်စည်းတည်း ပြန်လည်ရေးဆွဲရေးနှင့် ပတ်သက်ပြီး ဒေသတွင်းမှာရှိနေတဲ့ နိုင်ငံများရဲ့ Employment Act သို့မဟုတ် Labour Protection Act သို့မဟုတ်ရင် Labour Code ဟု ပြဋ္ဌာန်းထားသည့် ဥပဒေများအပြင် အခြားသော Labour Relations Law များကိုလည်း သီးသန့်ပြဋ္ဌာန်းထားတာကို ကျွန်မတို့ လေ့လာ ရပါတယ်။ ဥပမာအားဖြင့် တင်ပြရလျှင် ထိုင်းနိုင်ငံမှာLabour Protection Act ရှိသလို အခြားLabour Relations Act များအပြင်Social Security Act ကို(1990) မှာလည်းကောင်း Factories Act ကို (1992) မှာလည်းကောင်း၊Employment and Job- Seeker Protection Act ကိုလည်းကောင်း၊The Professional Nursing and Midwifery Act ကိုလည်းကောင်း၊Working of Aliens Act ကို (1978) မှာလည်းကောင်း၊ Occupational Safety, Health and Environment Act (2011) ခုနှစ်တွင်လည်းကောင်း ထိုင်းနိုင်ငံမှာ ပြဋ္ဌာန်းထားတာကို လေ့လာရပါတယ်။ ထို့အတူပဲ မလေးရှားနိုင်ငံမှာလည်း Employment Act အပြင် Employees Social Security Act (1969) မှာလည်းကောင်း၊ Factories and Machinery Act (1967) မှာလည်းကောင်း၊ Occupational Safety and Health Act(1994) မှာလည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ တချို့Trade Union Act ကိုတော့ 1959 တည်းက ကျင့်သုံးတာယနေ့ အထိပါပဲ။ Weekly Holidays Act ကိုတော့ 1950 တည်းက ကျင့်သုံးပါတယ်။Workmens Compensation Act (1952) နှင့် Children and Young Persons Employment Act (1966) အထိ စသည့် ကဏ္ဍအလိုက် Labour Relations Act များ ပြဋ္ဌာန်းထားတာကို တွေ့ရှိရ ပါတယ်ရှင်။

ဒါကြောင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန စည်းကြပ်လျက်ရှိတဲ့ အလုပ်သမားဥပဒေများသည် လူကြီး၊ လူငယ်၊ လူရွယ်၊ ကျား၊ မ အလုပ်သမားများအတွက် ထိရောက်သည့် အကျိုးခံစားခွင့်၊ ကာကွယ်ခွင့်များရရှိစေရေးအတွက် ကဏ္ဍစုံမှ ထောင့်စေ့အောင် ပြဋ္ဌာန်းထားတဲ့ ဥပဒေများဖြစ်ကြောင်း တင်ပြလိုပါတယ်ရှင်။ ကျွန်မအနေနဲ့ ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားတဲ့အချက်အပေါ်မှာ အကြံပြုချက်၊ ဆွေးနွေးချက်များကို ကျွန်မအနည်းငယ် ပြန်လည်တင်ပြလိုပါတယ်။ ကျွန်မအနေနဲ့ ဆွေးနွေးချက်များအပေါ်မှာပဲ လွန်စွာပဲ ကျေးဇူးတင်ပါတယ်ရှင်။

ကျွန်မတို့ဝန်ကြီးဌာနရဲ့ လုပ်ဆောင်မှုအပိုင်းမှာပဲအတော်ကို ကြိုးစားလုပ်ကိုင်နေရပါတယ်။ ဥပဒေပြုပြီးရင် နည်းဥပဒေ ထွက်ရှိဖို့ပါ။ နည်းဥပဒေ ထွက်ရှိလာရင်လည်း လိုက်နာကျင့်သုံးနိုင်ဖို့ အတွက်ပါ။ အဲဒီအချိန်မှာ သက်ဆိုင်ရာအလုပ်ရှင်နဲ့အလုပ်သမားတွေ သိရှိနားလည်ဖို့ ကျွန်မတို့မှာ လုပ်ဆောင်ပါတယ်။ လက်တွေ့လည်းကွင်းဆင်းပြီး ဆောင်ရွက်ပြီးအကောင်အထည်ဖော် ကျင့်သုံးနေ

ပါတယ်။ ဒါပေမဲ့ တချို့နေရာမှာ လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးတဲ့ အနေအထားနဲ့ ဥပဒေပြုပြီး အနေအထားကြားမှာ အယူအဆကွဲလွဲမှုလေးတွေရှိခဲ့ရင် ကျွန်မတို့မှာ ဖြည့်စွက်ပြီး အမိန့်ကြေညာစာနဲ့ ထပ်မံဖြည့်တင်းယူရပါတယ်။ များစွာလည်း ဒီကိစ္စတွေမှာ ကျယ်ဝန်းပါတယ်။ အငြင်းပွားမှုကိစ္စနှင့်ပဋိပက္ခဖြေရှင်းရေးဟာ အခုလို ပြုပြင်ပြောင်းလဲရေးကာလတွေရဲ့ အခြေအနေမှာလည်းကောင်း၊ ဥပဒေပြုဆဲကာလမှာသော်လည်းကောင်း ရှိနေဦးမယ်လို့ ကျွန်မတို့ သုံးသပ်မိပါတယ်။ ဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းခွင်ပဋိပက္ခ လျော့နည်းရေး၊ အေးချမ်းသာယာရေး၊ လုပ်ငန်းခွင်မှာ လုပ်ကိုင်နိုင်ရေး၊ လုပ်အားခနဲ့ လုပ်အားကို ညီမျှစွာခံစားစေနိုင်ရေး၊ နောက်ပြီး လုပ်သားများရဲ့ ကျန်းမာရေးစောင့်ရှောက်မှု၊ လုပ်ငန်းခွင်အထိ စောင့်ရှောက်ပေးဖို့အတွက် ကျွန်မတို့ ကြိုးစားနေပါတယ်။ အလုပ်ရှင်ရော အလုပ်သမားပါ ဥပဒေအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်နိုင်ဖို့ အမျိုးသားအဆင့်အနေနဲ့ ဝိုင်းဝန်းကူညီဆောင်ရွက် ပညာပေးရန်လည်း လိုအပ်နေပါတယ်။ ဝန်ထမ်းအင်အားကိုလည်း တိုးချဲ့ဖို့အတွက် ကျွန်မတို့ အမျိုးသားစီမံကိန်းမှာ ဖွဲ့စည်းပုံအရ တင်ထားပြီး တချို့တစ်ဝက်လည်း ကျပါတယ်။ တချို့တစ်ဝက်လည်းမကျသေးပါဘူးရှင်။ ကျွန်မတို့အနေနဲ့ ဝန်ထမ်းအင်အားကိုလည်း စီစဥ်ထားရှိပြီး ဖြစ်ပါတယ်။ ဖြည့်တင်းရန်အတွက်။ ကျွန်မအမြင်ကတော့ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာ စွယ်တော်ရွက်လိုပါပဲ။ ပူးပေါင်းလုပ်ကိုင် ဖြေရှင်းရန်မှာ အဓိကပါ။ ဥပဒေပြဋ္ဌာန်းပြီး ဒီဥပဒေအတိုင်း လိုက်နာကျင့်သုံးနိုင်ဖို့အတွက် အလုပ်ရှင် ရော အလုပ်သမားရော ပညာပေးမှုအပိုင်းမှာ အနည်းငယ် အားနည်းနေပါသေးတယ်။ ဥပဒေပြုဆဲများလည်း ရှိနေပါသေးတယ်။

ဒါကြောင့်မို့လို့ အလုပ်ရုံဆွေးနွေးပွဲလုပ်တဲ့အခါတိုင်းမှာ Face to Face ဆိုတော့ တစ်ဝိုင်းတည်း၊ တစ်ခုတည်းထိုင်ပြီး ဖြေရှင်းတာမျိုး ကျွန်မတို့ ကြိုးစားဆောင်ရွက်နေပါ တယ်ရှင်။ အခုလက်ရှိ တောင်းဆိုမှုတွေရော၊ လိုက်လျောမှုတွေရော၊ မာန်မာနတွေ ကြီးမားတာတွေရော ရှိဆဲပါပဲ။ ဒါကြောင့်မို့လို့ လွှတ်တော် ကိုယ်စားလှယ်ကြီးများအနေနဲ့ ဆွေးနွေးချက်များကို လွန်စွာပဲ အားရကျေနပ်မိပါကြောင်း၊ လွှတ်တော်အတွင်းမှာလည်း ဒီဥပဒေတွေရောက်လာခဲ့လို့ရှိရင် ဆွေးနွေးတဲ့အခါမှာ များများဆွေးနွေးပေးပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။ လိုအပ်တာတွေကို သေချာပြုစုပြီး ဥပဒေကောင်းတစ်ရပ် ဖြစ်တဲ့အပြင် အများလိုက်နာကျင့်သုံးနိုင်အောင်လည်း ကျွန်မတို့အနေနဲ့ စွမ်းစွမ်းတမံ ဆောင်ရွက်ပါမယ်။

နိဂုံးချုပ်အနေဖြင့် အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနမှာ ဦးစီးဌာန၊ အဖွဲ့အစည်း၊ ကော်မတီ ဌာနကြီး(၅)ခု ရှိပါတယ်။ အထက်တွင်တင်ပြထားသည့်အတိုင်း မြန်မာနိုင်ငံမှ လက်ခံကျင့်သုံးခဲ့တဲ့ ILO Convention များနဲ့အညီ ဥပဒေများရေးဆွဲပြီး တင်ပြပါ ဌာနကြီး (၅)ခုမှ မိမိဌာနနဲ့ သက်ဆိုင်သည့် ဥပဒေများကို စီမံခန့်ခွဲ ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ယခုအချိန်မှာ အလုပ်သမားရေးရာအက်ဥပဒေများကို ခေတ်နှင့်လျော်ညီအောင် အသစ်ရေးဆွဲခြင်း၊ ဥပဒေအဟောင်းများကို ပယ်ဖျက်၍ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း ဆောင်ရွက်နေသော ကာလဖြစ်ပါတယ်။ အလုပ်သမားရေးရာ ဥပဒေများကို စုစည်းပြီး စာအုပ်တစ်အုပ်တည်းနဲ့ ပုံနှိပ်နိုင်ခြင်း မရှိသေးပါကြောင်း၊ နောင်တွင် အလုပ်သမားရေးရာ ဥပဒေများအား တစ်စုတစ်စည်းတည်း လေ့လာနိုင်ရန်

ပုံနှိပ်ထုတ်ဝေရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်ကြီးအဆိုအား မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဒေါက်တာမြင့်ကြည် ရဲ့သဘောထားပြောဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၆။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စု ဒုတိယဝန်ကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ ကျွန်တော် ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအဆိုကို တင်ရခြင်းက ကျွန်တော်တို့ ပြည်ထောင်စုက ပူးပေါင်းကော်မတီ၊ အလုပ်သမားအခွင့်အရေးဆိုင်ရာကို လေ့လာဖို့ ကျွန်တော်တို့ နာယကကြီးက ဖွဲ့စည်းပေးတဲ့ဟာမှာလည်း ကျွန်တော် ဒုတိယဥက္ကဋ္ဌအဖြစ်နဲ့ ပါဝင်ဆောင်ရွက်လျက် ရှိပါတယ်။ ကျွန်တော် စက်မှုဇုန် (၃) ခုကိုလည်းပဲ ကိုယ်တိုင်ကိုယ်ကျ ရောက်ခဲ့ပါတယ်။ အလုပ်သမားတွေကိုလည်းပဲ ကျွန်တော်တွေ့ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီ ဥပဒေတွေ အလုပ်သမားဝန်ကြီးဌာနက ILO နဲ့ ပေါင်းစပ်ပြီးတော့ ဆောင်ရွက်နေတယ်ဆိုတာလည်းပဲ သိသင့်သလောက် ကျွန်တော် သိပါတယ်။ နောက် နိုင်ငံခြားမှာ ရောက်နေတဲ့ Migrant Workers တွေအတွက်လည်း နိုင်ငံခြား ILO နဲ့ပဲ နောက်နိုင်ငံခြားမှာရှိတဲ့ Experts တွေနဲ့ ပူးတွဲပြီးတော့ ရေးဆွဲတယ်၊ အရင်ကတည်းက ဆောင်ရွက်တယ်ဆိုတာလည်းပဲ ကျွန်တော် သိရှိသင့်သလောက် သိရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ဒီဥပဒေတွေဟာ ကြာပါပြီ။ ကျွန်တော် ဆွေးနွေးတုန်းကလည်း ဒီဥပဒေတွေဟာ အင်မတန်ကောင်းပါတယ်။ ဒါတွေဟာ ပြင်ပေးရမယ်။ အကုန်လုံး အသစ်ရေးဆွဲပေးရမယ်လို့ ကျွန်တော် မဆိုလိုခဲ့ပါဘူးကောင်းပါတယ်။ ရေးထားတဲ့ဟာတွေက တော်တော်ကို ကောင်းပါတယ်။ ကျွန်တော်လည်း ကိုယ်တိုင်ကိုယ်ကျ ဖတ်ပြီးတော့ ဒီမှာ တင်ပြ အဆိုတင်ခြင်းဖြစ်ပါတယ်။ တချို့ ပြင်သင့်တဲ့ ကိစ္စရပ်ကလေးတွေ ကျွန်တော်တို့က ပြင်ဖို့သာလျှင် ကျွန်တော်တင်ပြဆွေးနွေးခြင်းဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ခုနတုန်းက ဒုတိယဝန်ကြီး ဆွေးနွေးသွားသလိုပါပဲ။ တချို့နိုင်ငံတွေမှာတော့ Employment Act ဒီ Labour Protection စသည်အားဖြင့် ဒီလိုတွေလည်း စုစည်းထားတယ်။ ကျွန်တော်တို့ကတော့ ကွဲကွဲပြားပြား ဖြစ်နေတယ်။ အကုန်လုံး ပြန်စုစည်းလိုက်ရင်တော့ ဒီဟာတွေ အကုန်ပါ ပါတယ်။ နောက် ဒီ အမျိုးသမီးတွေနဲ့ ပတ်သက်တဲ့ဟာကတော့ခုန ဒုတိယဝန်ကြီး ဆွေးနွေးသွားသလို ဒီကုမ္ပဏီတွေရဲ့ ဝါကိစ္စ၊ ဘာကိစ္စမှာရှိတော့ ကျွန်တော်တို့အနေနဲ့ ပြန်ပြီးတော့ အသစ်ရေးဆွဲတဲ့ အခါမှာတော့ အမျိုးသမီး အလုပ်သမားများအတွက် ဆိုပြီးတော့ စက်ရုံ၊ အလုပ်ရုံတွေထဲမှာ ဒီလိုမျိုးထည့်ပေးရင် ပိုပြီး သင့်လျော်မယ်လို့ ဒီလိုဆွေးနွေးခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက ခုနတုန်းက ကျွန်တော်တို့ ဒီ အချိန်ပိုနဲ့ ပတ်သက်လို့ အဲဒီတုန်းက ချန်ခဲ့တာပါ ကျွန်တော်တို့ ဒီ National Hoildays တွေ၊ ဒီဟာတွေကျရင် တချို့နိုင်ငံတွေမှာ သူတို့ အဲဒီနေ့မှာ မဖြစ်မနေ ခိုင်းတဲ့အခါကျရင် သာမန် (၂)ဆပေးရင်၊ သူတို့ (၃)ဆ ပေးပါတယ်။ (၃)ဆ ပေးပြီးတော့ ခိုင်းတာတွေ ရှိပါတယ်။ တိတိကျကျလည်းပဲ သူတို့ရေးဆွဲထားတာတွေလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီဟာတွေကို ပြန်ပြီးတော့ Review လုပ်ပြီးတဲ့အခါ သက်ဆိုင်ရာ

နိုင်ငံတွေမှာ ကျွန်တော်တို့ အာဆီယံနိုင်ငံတွေမှာ ဒီမှာ ဆောင်ရွက်နေတဲ့ ဟာတွေနဲ့ လိုက်လျောညီထွေ အာဆီယံနိုင်ငံနဲ့လည်း ဝင်တဲ့ အတွက်ကြောင့် ရေးဆွဲသင့်ကြောင်း ကျွန်တော် တင်ပြဆွေးနွေးခဲ့ခြင်း ဖြစ်ပါတယ်။ ဥပမာ - Without Pay နဲ့ ပတ်သက်ပြီးတော့ Without Pay ယူမယ်၊ ယူမယ်ဆိုလို့ရှိရင် ဒီထဲမှာ သူတို့ မပါပါဘူး။Without Pay လစာမဲ့ခွင့် မပေးဘူး စသည်ဖြင့် သူတို့ရှိပါတယ်။ ဒါကြောင့် ဒီဟာလေးတွေ သူတို့ ကျန်တဲ့အပိုင်းလေးတွေ ပြန်ပြီးတော့ ထည့်လိုက်ရင် အင်မတန်မှ ကျွန်တော်တို့ လျော်ကန်သင့်မြတ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တို့ အလုပ်သမားဝန်ကြီးဌာနကလည်းပဲ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးကလည်းပဲ ကျွန်တော်တို့က ဆွေးနွေးသွားပါပြီ။ ကျွန်တော်တို့ ဒီဟာလည်း ရေးဆွဲနေတာဆိုတာလည်းပဲ ကျွန်တော်တို့ ဒါအားလုံး လွှတ်တော်ကိုယ်စားလှယ်ကြီးများရော၊ ဒီကနေဆိုရင် SKY NET ကနေ အကုန်လုံးကလည်း သိတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ကတော့ မှတ်တမ်းပဲတင်ပါဆိုတဲ့ဟာကို ကျွန်တော် သဘောတူပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ။** ။ မူလအဆိုရှင်ဆန္ဒအရ အလုပ်သမားအခွင့်အရေးများကို ပြန်လည်သုံးသပ်၍ အလုပ်သမား ဥပဒေရေးဆွဲရန် အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်(၁၂)ရက်မြောက်နေ့အစည်းအဝေး ရပ်နားကြောင်းနှင့်(၁၃)ရက်မြောက်နေ့အစည်းအဝေးဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၅၀ ။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေး(၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ယခုအခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းထားတဲ့ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို လေ့လာဖို့လိုတဲ့အတွက် မနက်ဖြန်မှာ အမျိုးသားလွှတ်တော်ကို ရပ်နားပေးထားမှာ ဖြစ်ပါတယ်။အဌမပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့ ကျင်းပမယ့် နေ့ရက်နဲ့အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၁း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]